မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်းကထူထောင်သည်။
Established 1914

၁၃၇၄ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ ၂၀၁၂ ခုနှစ်၊ မေ ၂၅ ရက်၊ သောကြာနေ့၊ အတွဲ (၅၁)၊ အမှတ် (၂၃၃)

ဒို့တာဝန်အရေး(၃)ပါး

- ❖ ပြည်ထောင်စု မပြိုကွဲရေး။
- ❖ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး။
- ❖ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး။

နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတထံ သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၁၂ ခုနှစ် မေ ၂၅ ရက်တွင်ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည် အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ သမ္မတ မဒမ် ခရစ်စတီးနား ဖာနန် ဒက်(ဇ်) ဒယ် ကစ်ချ်နာ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ (သတင်းစဉ်)

ဒီမိုကရေစီစနစ်သာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခုတည်းသောစနစ်အဖြစ် ပြည်သူတစ်ရပ်လုံးယုံကြည် မိမိတို့နိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ရေမြေသဘာဝပတ်ဝန်းကျင်၊ အမျိုးသားစရိုက်လက္ခဏာများနှင့်အညီ ဆီလျော်ကောင်းမွန်သောစနစ်ကို အကောင်အထည်ဖော်ဆောင် ကျင့်သုံးနေပြီ

နေပြည်တော် မေ ၂၄

ဥရောပသမဂ္ဂ ပါလီမန်ဥက္ကဋ္ဌ Mr. Martin Schulz နှင့် ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံ ပါလီမန်များ၏ ဖိတ်ကြားချက်အရ ချစ်ကြည်ရေးခရီးသွားရောက်ခဲ့သည့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၃ ရက် ညနေ ၆ နာရီ ၄၅ မိနစ်တွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ချစ်ကြည်ရေးခရီးစဉ်အတွင်း သက်ဆိုင်ရာနိုင်ငံများ၏ ပါလီမန်အကြီးအကဲများ၊ သက်ဆိုင်ရာနိုင်ငံများမှ နိုင်ငံခြားရေးဝန်ကြီးများ၊ နိုင်ငံတကာဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးများနှင့်တွေ့ဆုံပြီး အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့သည်။ ယင်းသို့တွေ့ဆုံရာတွင် သက်ဆိုင်ရာ မြန်မာသံအမတ်ကြီးများလည်း တက်ရောက်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ဥရောပကောင်စီဥက္ကဋ္ဌ **Mr. Herman Van Rompuy** တို့ ဥရောပသမဂ္ဂကောင်စီရုံး အဆောက်အအုံ၌ တွေ့ဆုံကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၀ ရက် နံနက် ၈ နာရီတွင် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့ရှိ ဥရောပသမဂ္ဂပါလီမန်အဆောက်အအုံ၌ ဥရောပ ပါလီမန်ဥက္ကဋ္ဌ Mr. Martin Schulz နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် မွန်းလွဲ ၂ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် ဥရောပသမဂ္ဂကောင်စီရုံး အဆောက်အအုံ၌ ဥရောပကောင်စီဥက္ကဋ္ဌ Mr. Herman Van Rompuy နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ယင်းနောက် မေ ၁၁ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဥရောပပါလီမန်အဆောက်အအုံ၌ ဥရောပသမဂ္ဂကော်မရှင်ဥက္ကဋ္ဌ Mr. Jose Manuel Barroso နှင့် တွေ့ဆုံဆွေးနွေးသည်။

ဆက်လက်၍ ညနေ ၅ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဥရောပသမဂ္ဂအဆောက်အအုံ၌ ဥရောပသမဂ္ဂနိုင်ငံခြားရေးနှင့် လုံခြုံရေးဆိုင်ရာအကြီးအကဲ Ms. Catherine Ashton နှင့် တွေ့ဆုံဆွေးနွေးသည်။

မေ ၁၀ ရက် မွန်းတည့် ၁၂ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်၍ "Myanmar One Year after the Elections" ခေါင်းစဉ်ဖြင့် ဆွေးနွေးပွဲတစ်ရပ်ကျင်းပခဲ့ရာ ဘရပ်ဆဲလ်မြို့ရှိ သံတမန်များ၊ စာနယ်ဇင်းဆိုင်ရာပုဂ္ဂိုလ်များ၊ သုတေသီများနှင့် စိတ်ပါဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

မေ ၁၀ ရက် နံနက် ၉ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် မြန်မာချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး Mr. Dider Reynders နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် Flemish ပြည်နယ် ပြည်နယ်ဝန်ကြီးချုပ် (Minister-President) Mr. Kris Peeters နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

မေ ၁၀ ရက် ညနေ ၃ နာရီ ၁၀ မိနစ်တွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အဖွဲ့သည် ဥရောပသမဂ္ဂပါလီမန်အဆောက်အအုံ၌ ဥရောပသမဂ္ဂ၊ ASEAN နိုင်ငံများဆိုင်ရာ လွှတ်တော်ကော်မတီဥက္ကဋ္ဌ Dr. Werner Lagen, MEP ဦးစီးသော လွှတ်တော်အမတ်များနှင့် တွေ့ဆုံဆွေးနွေးသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❐

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတွင်းရေးမှူးချုပ် မာဂရက်ချန် ထပ်မံရွေးချယ်ခံရ စာ-၄

အတောင်ပံဝတ်ရုံဝတ်ထား ဟောလိဝုဒ်စတန့်သမား ဝေဟင်အမြင့်ပေ ၂၄၀၀ မှ လေထီးမဲ့ အောင်မြင်စွာ ခုန်ဆင်းနိုင် စာ-၅

၂၀၂၀ အိုလံပစ်အားကစားပွဲတော်အိမ်ရှင် မက်ဒရစ်၊ တိုကျိုနှင့် အစ္စတန်ဘူလ်တို့ကို ဆန်ခါတင်ရွေးချယ်



စာ-၇

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၂ ခုနှစ် မေ ၂၅ ရက်)

ကလေးများနှင့် ဖန်သားပြင်များ

ယနေ့မျက်မှောက်ခေတ်တွင် အီလက်ထရွန်နစ်နည်းပညာများ လျင်မြန်စွာ တိုးတက်လာခြင်းကြောင့် ကောင်းကျိုးများရှိသလို ဆိုးကျိုးများလည်းရှိ၏။ အထူးသဖြင့် လူအချို့သည် အီလက်ထရွန်နစ်နည်းပညာသုံး ဖန်သားပြင် များပေါ်တွင် အချိန်ဖြုန်းတီးနေကြ၏။ ဖန်သားပြင်များပေါ်တွင် အချိန်များစွာ ပေးလွန်းသဖြင့် ကျန်းမာရေး၊ လူမှုရေး၊ စီးပွားရေး စသော ဆုံးရှုံးမှုများဖြစ်ပေါ်နေ၏။

အဆိုပါဖန်သားပြင်များသည်ကား ရုပ်မြင်သံကြားဖန်သားပြင်၊ ကွန်ပျူတာဖန်သားပြင်၊ မိုဘိုင်းလ်ဖုန်း ဖန်သားပြင်၊ MP4 ဖန်သားပြင် စသည်တို့ဖြစ်ကြ၏။ ထိုဖန်သားပြင်များ ကြည့်ရှုမှုအများဆုံးသည် ကျောင်းနေအရွယ် ကလေးများပင်ဖြစ်၏။

ဥပမာဆိုပါစို့။ ကျောင်းသားတစ်ဦးသည် ကျောင်းမသွားမီ မိဘများအလစ် ဂိမ်းဆိုင်သို့ဝင်ပြီး ကွန်ပျူတာ ဂိမ်းနှိပ်သည်။ ကျောင်းသွားရင်း လမ်းပေါ်တွင် MP4 ကို ကြည့်ဖြစ်အောင် ကြည့်သွားသေးသည်။ ကျောင်းကအပြန် အိမ်တွင် အချိန်များစွာ တီဗွီကြည့်ဦးမည်။ ကာတွန်းကားအသစ်တွေ့လျှင် ဖွင့်ကြည့်ဦးမည်။ ဤသို့ဖြင့် ကျောင်းသားတစ်ဦးသည် ဖန်သားပြင်များပေါ်တွင် အချိန်များ ဖြုန်းတီးပစ်နေသည်။ ထိုသို့သော ကျောင်းသားသည် စာတော်သည့်ကျောင်းသား ဖြစ်နိုင်ပါဦးတော့မလား…။ မိဘများ စဉ်းစားသာ ကြည့်ကြပေတော့။

တစ်ခါ မိုဘိုင်းလ်ဖုန်းတွေကလည်း ဟိုတုန်းကလို ဈေးအလွန်မကြီးတော့ တတ်နိုင်သည့်မိဘများက မိမိတို့သားသမီးများကို ဝယ်ပေးဦးမည်။ မိုဘိုင်းလ်ဖုန်းတစ်လုံးနှင့် စကားပြောနေမည်။ မိုဘိုင်းလ်ဖုန်း ဖန်သားပြင်ပေါ်တွင် ဂိမ်းဆော့နေမည် စသည်ဖြင့် အချိန်များစွာဖြုန်းတီးနေဦးမည်။ မိဘများအနေဖြင့် သတိပြုရမည့်အချက်ပင်ဖြစ်သည်။

ယနေ့ခေတ်တွင် ရုပ်သံချန်နယ်အမျိုးမျိုးတို့က ဆွဲဆောင်မှုအားကောင်းနေသည်။ ရုပ်သံဇာတ်လမ်းတွဲများ ကလည်း ယောင်မှားပြီးမကြည့်လေနှင့်။ နောက်ရက် နောက်ရက်များတွင် မကြည့်ဘဲမနေနိုင်။ ရုပ်မြင်သံကြား အချိန်ကြာမြင့်စွာကြည့်ခြင်းဖြင့် ကိုယ်လက်လှုပ်ရှားမှုနည်းလာသဖြင့် အဝလွန်ခြင်း၊ အညောင်းမိခြင်း၊ မျက်စိ ထိခိုက်ခြင်းစသော ကျန်းမာရေးအတွက် ဆိုးကျိုးများဖြစ်လာနိုင်သည်။

ထို့အတူ ကွန်ပျူတာဂိမ်းများကို ကြာရှည်စွာဆော့ကစားခြင်းဖြင့် မျက်စိထိခိုက်ပျက်စီးစေနိုင်သည်။ ကြမ်းတမ်းသောကွန်ပျူတာဂိမ်းပြကွက်မှတစ်ဆင့် ကလေးငယ်များ စိတ်ကြမ်း၊ လူကြမ်းဖြစ်လာနိုင်သည်။ ကလေးအချို့သည် ထိုမျှကွန်ပျူတာဂိမ်းများဆော့ကစား၍ အားမရနိုင်သေး။ မိုဘိုင်းလ်ဖုန်းနှင့် MP4 တို့တွင် ဂိမ်းများထည့်ကစားကြသေးသည်။ ဂိမ်းဆော့ကစားခြင်းသည် အချိန်ကိုပြုန်းတီးစေသည်။

မိဘများအနေဖြင့် မိမိတို့သားသမီးများ အထက်ဖော်ပြပါဖန်သားပြင်များပေါ်တွင် မည်၍မည်မျှ အချိန်ဖြုန်းတီးပစ်နေသည်ကို သတိပြုသင့်ပေသည်။ ဖန်သားပြင်များပေါ်တွင် အချိန်များစွာဖြုန်းတီးပစ်ခြင်းဖြင့် စာတော်သည့်ကလေးများ စာညံ့သွားနိုင်သည်။ မျက်လုံးပကတိအကောင်းမှ မျက်မှန်တပ်ရသောအဆင့်သို့ မျက်လုံးထိခိုက်သွားနိုင်သည်။ ကြမ်းတမ်းညစ်ညမ်းခွေများကြောင့် စာရိတ္တမဏ္ဍိုင်ယိမ်းယိုင်သွားစေနိုင်သည်။ သို့ပါ၍ မိဘများအနေဖြင့် မိမိတို့သားသမီးများ ဖန်သားပြင်များအပေါ် အချိန်ဖြုန်းတီးနေခြင်းကို လျစ်လျူရှု မထားကြဖို့ အသိပေးတိုက်တွန်းလိုက်ရပါသည်။ ။

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသော ဦးမြင့်လှိုင်နှင့် ဦးဝင်းမြင့်တို့အား ယခင်စင်ကာပူနိုင်ငံခြားရေးဝန်ကြီးနှင့် ကိုယ်စားလှယ်အဖွဲ့တွေ့ဆုံ

နေပြည်တော် မေ ၂၄

လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင်နှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်တို့အား ယခင်စင်ကာပူနိုင်ငံခြားရေးဝန်ကြီး Mr. George Boon Yeo၊ စင်ကာပူနိုင်ငံ KUOK Group မှ ဒုတိယဥက္ကဋ္ဌ Mdm Kuok Oon Kwong တို့ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ ရက် မွန်းလွဲ ၁ နာရီတွင် လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံ၍ လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စများ၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ငန်းများနှင့်စပ်လျဉ်းသည့် ဆန်စပါး၊ ဆီအုန်း၊ ပဲမျိုးစုံနှင့် ကြံသီးနှံများ စိုက်ပျိုးထုတ်လုပ်ခြင်း၊ အဆင့်မြင့် ခေတ်မီကုန်ချောစက်ရုံကြီးများ တည်ဆောက်ရင်းနှီးမြှုပ်နှံခြင်းနှင့် စိုက်ပျိုးရေးအခြေခံ အဆင့်မြင့်ကုန်ချောထုတ်ကုန်များ နိုင်ငံခြားသို့ ကုန်သွယ်တင်ပို့ရောင်းချခြင်းလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာများကို ဆွေးနွေးကြသည်။

စင်ကာပူ ရင်းနှီးမြှုပ်နှံရေးအဖွဲ့မှ တင်ပြချက်များအရ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား ခေတ်မီအဆင့်မြင့်ကုန်ချောစက်ရုံ တည်ဆောက်ခြင်း (Downstream Industry) အပါအဝင် စီးပွားဖြစ်ကြီးမားသော စိုက်ကွင်းကြီးများ (Large Scale Farm) များ စိုက်ပျိုးအကောင်အထည်ဖော်နိုင်ရေး၊ ဒေသနေပြည်သူလူထုအတွက် အလုပ်အကိုင်အခွင့်အလမ်း (Job Creation) နှင့် ဝင်ငွေတိုးတက်ရရှိစေနိုင်ရေး အဓိကရည်မှန်းချက်အခြေခံပြီး လက်တွေ့အကောင်အထည်ဖော်သွားနိုင်ရန် စိုက်ပျိုးမြေအလုံအလောက်ရရှိနိုင်သော ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်တို့၌ ဒေသအလိုက် ဖြစ်ထွန်းအောင်မြင်နိုင်သည့်သီးနှံအမျိုးအစားအရ မြေနေရာများ၊ ကျွမ်းကျင်ပညာရှင်များဖြင့် ကွင်းဆင်းရွေးချယ်ကြပြီး စီးပွားဖြစ်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများအား လက်တွေ့ထိထိရောက်ရောက် အကောင်အထည်ဖော်ကြရန် နှစ်ဖက်အပြန်အလှန် အသေးစိတ်ဆွေးနွေးညှိနှိုင်းကြသည်။

တက်ရောက်

တွေ့ဆုံပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအုန်းသန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၏ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်ဌာနများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၁၂)ကျင်းပ

နေပြည်တော် မေ ၂၄

ပြည်သူ့လွှတ်တော်၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီ၏ ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်ဌာနများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံကော်မတီ အစည်းအဝေးဆောင် အမှတ်(၃) ဧည့်ခန်းမ၌ကျင်းပသည်။ (အပေါ်ပုံ)

အဆိုပါလုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြည်သူ့လွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်နှင့် ကော်မတီဝင်များ၊ ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ရုံးအဖွဲ့မှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ရှင်းလင်းပြောကြား

ရှေးဦးစွာ ကော်မတီဥက္ကဋ္ဌ ဦးဝင်းစိန်က ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးတွင် မေးမြန်းခဲ့သည့်မေးခွန်းများ၊ တင်သွင်းခဲ့သည့် အဆိုများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ရုပ်သိမ်း

ဆက်လက်၍ တက်ရောက်လာကြသည့် ဝန်ကြီးဌာနများနှင့် ပြည်ထောင်စုအဆင့်ဌာနများမှ ရုံးအဖွဲ့မှူးများ၊ တာဝန်ရှိသူများက ပြန်လည်ဆွေးနွေးတင်ပြကြပြီး ကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

မိုင်းဆတ် မေ ၂၄

ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေး၊ ကျေးလက်လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် မိုင်းဆတ်ခရိုင် အုပ်ချုပ်ရေးမှူး ဦးသောင်းတင်ထွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်အေးနှင့် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးလှဌေးတို့သည် မေ ၁၆ ရက် နံနက်က လမ်းအရှည်တစ်မိုင်ရှိ မိုင်းတွင်းမြေပြန့်ကျေးရွာအုပ်စုနှင့် မိုင်းတွင်း တောင်ပေါ်ကျေးရွာအုပ်စုချင်းဆက်လမ်း လမ်းပခုံးသား မြှင့်တင်ခြင်းလုပ်ငန်းနှင့် လမ်းဘေးဝဲယာ ရေနုတ်မြောင်းတူးဖော်ခြင်းလုပ်ငန်း၊ အရှည်ပေ ၃၀၊ အကျယ် ၂၅ ပေရှိ ဝမ်ပုံတံတားဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပူနားကိုကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် အလျားပေ ၄၀၊ အနံ ၂၅ ပေရှိ တိုးချဲ့ကျောင်းဆောင်သစ် ဆောက်လုပ်ခြင်းလုပ်ငန်းပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးနှင့်အဖွဲ့သည် ယောင်ခ-မယ်ကြုတ် ကျေးရွာချင်းဆက်လမ်း လမ်းပခုံးသားမြှင့်တင်နေမှုနှင့် ယောင်ခကျေးရွာအနီးရှိ တောင်သူဦးကျချူးစိုက်ပျိုးထားသော နွေစပါးစိုက်ဧက သုံးဧကစိုက်ခင်း အောင်မြင်ဖြစ်ထွန်းနေမှုကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

လက်ခံယူ

မေ ၁၉ ရက်က ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)သို့ ရန်ကုန်မြို့ ပန်းဘဲတန်းမြို့နယ် ဗိုလ်ဆွန်ပက်လမ်း အမှတ်(၁၆၁) ပထမထပ်ရှိ ကျူလီယာမွတ်စလင်မ် သာသနာ့ရန်ပုံငွေအဖွဲ့မှ ငွေကျပ် ၁၇၄၈၂၅၀ တန်ဖိုးရှိ ဆေးနှင့်ဆေးပစ္စည်းများပေးအပ်လှူဒါန်းရာ ဆေးရုံအုပ်ကြီးဒေါက်တာဒေါ်တင်ညိုညိုလတ်နှင့် တာဝန်ရှိသူများ လက်ခံယူစဉ်။ (ကျန်းမာရေး)

MRTV-4

၂၅-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

၅:၄၀	**ခန္ဓာပဋိစ္စသမုပ္ပါဒ်အကြောင်း ရှင်းပြပုံ ခန္ဓာဉာဏ်ရောက်ဒိဋ္ဌိဖြုတ်** တရားတော် (မုံလယ်တောရ ဆရာတော် ဘဒ္ဒန္တသံဝရ)
၆:၂၀	Activities in the City (သိက္ခာထပ်မင်္ဂလာနှင့် ရဟန်းခံ၊ ရှင်ပြု၊ နားသအလှူတော်မင်္ဂလာ)
၁၀:၃၀	Fashion Week (Designer Shiler) (Part-2)
၁၂:၁၅	အထက(၁) စမ်းချောင်း ကျောင်းသား ကျောင်းသူဟောင်းများ၏ မြတ်ဆရာပူဇော်ပွဲ
၂:၅၀	ပန်းကလေးများအတွက် အနာဂတ်ပန်းတိုင်…SCBI
၆:၁၅	ပန်းမြို့တော်မှ Sweety Land Hotel
၈:၀၀	MRTV-4 သတင်း
၈:၃၀	Myanmar Cooking Master (ဒုတိယအဆင့်) (ပွဲစဉ်-၈)
၉:၀၀	အနုပညာမိုးကောင်းကင်
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ
	ဘဝအားမာန် (အပိုင်း-၄၇)
၁၀:၂၅	Style ရှိမှ Star ဖြစ်မယ်
၁၁:၅၅	သူတို့ပြောတဲ့သူတို့အကြောင်း (ဦးနန်းဝင်း) (အပိုင်း-၁)
၂:၁၀	World of Knowledge (Inside: Sumo Kids)
၃:၀၀	ကဏ္ဍစုံလင် အားကစားအစီအစဉ်
၄:၀၀	ဆိတ်ငြိမ်အေးချမ်းခြင်းနှင့်အတူ Myanmar Life Hotel
၄:၂၀	ရွှေဖြစ်မည့်ရတနာအစစ်
၄:၃၀	မြန်မာနိုင်ငံ၏ တစ်ခုတည်းသော ဟိုက်ဒရိုဂျင်ပါအောက်ဆိုက်စက်ရုံ

ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က RFA သို့ ကန့်ကွက်လွှာပေးပို့

နေပြည်တော် မေ ၂၄

မေ ၁၈ ရက် ည ၈နာရီခန့်တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ခမ်းမြို့နယ် ပန်းတနိုင်းကျေးရွာအနီးရှိ ၂၃၀ ကေဗွီ ရွှေလီ-မန်စံမဟာဓာတ်အားလိုင်း တာဝါတိုင်အမှတ်(၇၃)သည် KIA လက်နက်ကိုင်အဖွဲ့၏ ဖောက်ခွဲဖျက်ဆီးမှုကြောင့် တာဝါတိုင်၏အောက်ခြေ ခြေထောက်တစ်ချောင်းမှာ အုတ်ခုံ၏အထက် သုံးလက်မခန့်အကွာတွင် နှစ်လက်မခန့် ပြတ်တောက်သွားပြီး ကျန်ခြေထောက်နှစ်ချောင်းမှာ အုတ်ခုံ၏အထက် ခြောက်လက်မခန့်အကွာတွင် သုံးလက်မခန့်ပေါက်ထွက်သွားခဲ့သည်။

အလားတူ မေ ၁၉ ရက် နံနက် ၂ နာရီ ၄၇ မိနစ်တွင် အဆိုပါဓာတ်အားလိုင်း၏ တာဝါတိုင်အမှတ်(၂၀၆၊၂၀၇၊၂၀၈)တို့အား မိုင်းခွဲဖျက်ဆီးခံရ၍ တာဝါတိုင်အမှတ်(၂၀၆)နှင့်(၂၀၇)သည် အောက်ခြေ ခြေထောက်လေးချောင်းပြတ်ထွက်သွားပြီး မြေပြင်သို့ပြိုလဲပျက်စီးခြင်း၊ တာဝါတိုင်အမှတ်(၂၀၈)သည် တစ်ဝက်ခန့်တိမ်းစောင်းသွားခြင်းများဖြစ်ပွားခဲ့သဖြင့် ဓာတ်အားပို့လွှတ်နိုင်ခြင်းမရှိသောကြောင့် ဓာတ်အားစနစ်အတွင်း ၂၀၀ မဂ္ဂါဝပ် လျော့နည်းပြီး ဓာတ်အားပြတ်တောက်လျက်ရှိကြောင်း နိုင်ငံပိုင်ရုပ်မြင်သံကြားနှင့် သတင်းစာများတွင် ထည့်သွင်းဖော်ပြခဲ့ပြီးဖြစ်သည်။

သို့ရာတွင် RFA မှ မေ ၂၁ ရက်တွင် ထုတ်လွှင့်ကြေညာရာ၌ ရွှေလီဓာတ်အားပေးစက်ရုံပေါက်ကွဲပျက်စီးသွားကြောင်းဖော်ပြခဲ့ရာ အများပြည်သူအား ထင်ယောင်ထင်မှားဖြစ်စေပြီး သက်ဆိုင်ရာဝန်ကြီးဌာနများအပေါ် အထင်အမြင်လွဲမှားမှုမျိုး ဖြစ်ပေါ်လာနိုင်သဖြင့် သတင်းဌာနအနေဖြင့် အတည်ပြုပြီးသတင်းမှန်ကိုသာ ထုတ်လွှင့်သင့်ကြောင်း၊ သတင်းမှန်ကို ပြန်လည်ပြင်ဆင်ထုတ်လွှင့်သင့်ကြောင်းနှင့် လွဲမှားသောသတင်းဖော်ပြမှုကြောင့် ထိခိုက်ရသောသက်ဆိုင်ရာများသို့ ဝန်ချတောင်းပန်သင့်ကြောင်းဖြင့် အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ရန်ကုန်မြို့တော်လျှပ်စစ်ဓာတ်အားပေးရေးအဖွဲ့က မေ ၂၃ ရက်တွင် Radio Free Asia သတင်းဌာနသို့ ကန့်ကွက်လွှာပေးပို့ထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

MITSUI & Co.,Ltd. (Yangon Office) ကိုယ်စားလှယ်နှင့်အဖွဲ့ ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၄

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်အား MITSUI & Co.,Ltd. (Yangon Office) ကိုယ်စားလှယ် Mr. Nagai နှင့်အဖွဲ့သည် ယနေ့ နံနက် ၉နာရီတွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး **(အပေါ်ပုံ)** မြန်မာနိုင်ငံနှင့် MITSUI & Co.,Ltd. တို့အကြား ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတိုးချဲ့နိုင်ရေး အလားအလာများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာပွင့်ဆန်း၊ ကုန်သွယ်ရေးညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေးမှ ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

မြန်မာ့ရုပ်မြင်သံကြား

၂၅-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၇:၀၀ တောင်တန်းသာသနာပြုဆရာတော်ကြီး၏ပရိတ်တရားတော်
- ၇:၂၅ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ နံနက်ခင်းသတင်း
- ၇:၅၀ သံသာချိုအေးမင်္ဂလာတေး

ညပိုင်း

- ၄:၃၀ အဝေးသင်တက္ကသိုလ် ပညာရေးရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (ဥပဒေပညာအထူးပြု) (ဥပဒေပညာ)
- ၄:၄၅ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၄:၅၀ မြန်မာစာ၊ မြန်မာစကား
- ၅:၁၀ နှောင်းခေတ်တေးပဒေသာ
- ၆:၀၀ ညနေခင်းသတင်း
- ၆:၁၅ မိုးလေဝသအခြေအနေ
- ၆:၅၀ **မီဒီယာခရီးသည်**
- ၈:၀၀ ပြည်တွင်းသတင်း
  - နိုင်ငံတကာသတင်းများ
  - မိုးလေဝသအခြေအနေ
  - **လျှပ်တစ်ပြက်ဟာသများ**
  - နိုင်ငံခြားဇာတ်လမ်းတွဲ
  - **ရင်ဆိုင်ရမယ့်နေ့ရက်များ** (အပိုင်း-၈)
  - သီချင်းချစ်သူ (ဇင်းဇင်း)

မြန်မာနိုင်ငံပြန်တမ်း

ဝန်ထမ်းအဖွဲ့အစည်း အကြီးအမှူးများအတည်ပြုခန့်ထားခြင်းနှင့် ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးခန့်ထားခြင်း

၁။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အောက်ဖော်ပြပါ ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူးများအား အစမ်းခန့်ကာလ (၁)နှစ် ပြည့်မြောက်သည့်နေ့မှစ၍ အတည်ပြုခန့်ထားလိုက်သည်-

	အမည်	ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ရာထူး၊ ဌာန
(က)	ဦးထွန်းလှအောင်	ညွှန်ကြားရေးမှူးချုပ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ပြည်ထဲရေးဝန်ကြီးဌာန
(ခ)	ဦးကျော်မြင့်လှိုင်	ညွှန်ကြားရေးမှူးချုပ် ဆည်မြောင်းဦးစီးဌာန လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန
(ဂ)	ဦးဟောက်ဒိုဆွမ်း	ညွှန်ကြားရေးမှူးချုပ် နိုင်ငံရေးရာဦးစီးဌာန နိုင်ငံခြားရေးဝန်ကြီးဌာန
(ဃ)	ဦးအောင်ဇော်ဝင်း	ညွှန်ကြားရေးမှူးချုပ် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန

၂။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးအား ယင်းဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

မြဝတီရုပ်မြင်သံကြား အစီအစဉ်

၂၅-၅-၂၀၁၂ (သောကြာနေ့)

နံနက်ပိုင်း

- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၅ ဇာတ်လမ်းတို

ညပိုင်း

- ၄:၀၅ မျိုးချစ်တပ်မတော်
- ၄:၁၀ မဟာဂီတချိုကြည်မြ
- ၅:၀၀ ရန်သူမီး
- ၆:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၃၀ **ရွာ** ဟာသဇာတ်လမ်းတွဲ **အမေ့ဆန္ဒ** နိုင်ဝင်း၊ သူရဇ္ဇ၊သန်းသန်းစိုး နှင့်သရုပ်ဆောင်များ
- ၇:၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ကြယ်စင်နိမိတ်နှင့်သက်ကယ်မား** (အပိုင်း-၂)
- ၈:၀၀ မြဝတီရုပ်မြင်သံကြားသတင်း
  - အမျိုးသားရေးတေးကဗျာ
  - ဒို့တာဝန်အရေး(၃)ပါး
  - နိုင်ငံတကာသတင်း
  - မိုးလေဝသသတင်း
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **နေမင်းကဲ့သို့ ထွန်းလင်းသော** (အပိုင်း-၁)
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **သမုဒယနှောင်ကြိုး** (အပိုင်း-၃၂)

ကြည့်ရှုလေ့လာ

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များ ITALIAN- THAI DEVELOPMENT PUBLIC COMPANY LIMITEDမှ အကောင်အထည်ဖော်လျက်ရှိသော ထားဝယ်အထူးစီးပွားရေးဇုန်တွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် တနင်္သာရီတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံပွဲကျင်းပ

ရန်ကုန် မေ ၂၄

အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီနှင့် တနင်္သာရီတိုင်းဒေသကြီးမှ လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ တွေ့ဆုံပွဲကို မေ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး၌ ကျင်းပသည်။

အခမ်းအနားသို့ အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များ၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်နှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားရေးရာကိုယ်စားလှယ်များ၊ နိုင်ငံရေးပါတီများမှ ကိုယ်စားလှယ်များ၊ လူမှုရေးအသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က အဖွင့်အမှာစကားပြောကြားပြီး အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က အမှာစကား ပြောကြားသည်။

ရှင်းလင်းဆွေးနွေး

ထို့နောက် လွှတ်တော်ကိုယ်စားလှယ်များ၊ တိုင်းရင်းသားကိုယ်စားလှယ်များ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီများ၊ နိုင်ငံရေးပါတီများ၊ မြို့မိမြို့ဖများနှင့် လူမှုရေးအသင်းအဖွဲ့များက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြမှုများနှင့်ပတ်သက်၍ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီဝင်များက ရှင်းလင်းဆွေးနွေးကာ အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က နိဂုံးချုပ်အမှာစကားပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်နှင့် ကော်မတီဝင်များသည် ယနေ့နံနက် ၈ နာရီတွင် ထားဝယ်မြို့ မြို့တော်ခန်းမ၌ တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ သင်တန်းကျောင်းများ၊ ထားဝယ်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကရင်တိုင်းရင်းသားများနှင့်တွေ့ဆုံသည်။

တွေ့ဆုံပွဲတွင် အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ ဦးဆိုင်ပေါင်းနပ်က အဖွင့်အမှာစကား ပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးထင်အောင်ကျော်က အမှာစကား ပြောကြားသည်။

ယင်းနောက် တိုင်းရင်းသားအဖွဲ့အစည်းများ၊ ဘာသာရေးအသင်းအဖွဲ့များ၊ သင်တန်းကျောင်းများ၊ ထားဝယ်တက္ကသိုလ်မှ ဆရာ ဆရာမများ၊ ကရင်တိုင်းရင်းသားများက ဆွေးနွေးတင်ပြကြပြီး ဆွေးနွေးတင်ပြမှုများနှင့် ပတ်သက်၍ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေး ကော်မရှင်အဖွဲ့ဝင်များနှင့် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီဝင်များက ထပ်မံရှင်းလင်း ဆွေးနွေးခဲ့ကြသည်။

ထို့နောက် အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာကော်မတီဥက္ကဋ္ဌက နိဂုံးချုပ်စကားပြောကြားကာ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

နံနက် ၁၁ နာရီတွင် အမျိုးသားလွှတ်တော်တိုင်းရင်းသားရေးရာကော်မတီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ITALIAN- THAI DEVELOPMENT PUBLIC COMPANY LIMITED က အကောင်အထည်ဖော် လျက်ရှိသည့် ထားဝယ်အထူးစီးပွားရေး ဇုန်သို့ သွားရောက်ကြည့်ရှုလေ့လာကြပြီး ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ-ဂျပန်စင်တာဖွင့်လှစ်ရေး စာချွန်လွှာလက်မှတ်ရေးထိုး

ရန်ကုန် မေ ၂၄

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်နှင့် ဂျပန်နိုင်ငံမှ Japan International Cooperation Agency (JICA) တို့ပူးပေါင်း၍

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်တွင် မြန်မာ-ဂျပန်စင်တာဖွင့်လှစ်နိုင်ရေးအတွက် ဆွေးနွေးချက်စာချွန်လွှာ (Memorandum of Discussion) လက်မှတ်ရေးထိုးပွဲကို မေ ၂၂ ရက်က ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အထွေထွေအတွင်းရေးမှူးဒေါက်တာ ဦးမျိုးသက်နှင့် (JICA) မှ Deputy Director General Mr. Hiromichi Murakami တို့ လက်မှတ်ရေးထိုးပြီးနောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းအောင်ရှေ့တွင် စာချွန်လွှာ လဲလှယ်ပေးအပ်ခဲ့ကြကြောင်း သိရှိရသည်။ **(ဝဲပုံ) (မြန်မာ့အလင်း)**

စာအုပ်စာပေလူ့မိတ်ဆွေ

စက်လှေပျက်၍ သောင်တင်နေသော ဘင်္ဂလားဒေ့ရှ်နိုင်ငံသားများအား ကူညီနိုင်ခဲ့

မောင်တော မေ ၂၄

ရခိုင်ပြည်နယ် မောင်တောမြို့နယ် အလယ်သံကျော်ကျေးရွာမှ ထွက်ခွာခဲ့သော စက်လှေတစ်စင်း မလေးရှားနိုင်ငံသို့ သွားရောက်စဉ် မေ ၂၃ ရက် ညနေ ၅ နာရီတွင် စက်ချွတ်ယွင်းမှုကြောင့် ရေးမြို့နယ် အံဒင်ကျေးရွာအုပ်စုငါးမျှားစခန်း၌ သောင်တင်ခဲ့ရာ မြို့နယ်ပူးပေါင်းစစ်ဆေးရေးအဖွဲ့က ကူညီနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါလှေသည် အင်ဂျင်သုံးလုံးတပ် မြင်းကောင်ရေ ၃၅ ကောင် YAMAR သစ်သား စက်လှေအမျိုးအစားဖြစ်ကြောင်းနှင့် မေ ၂၄ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်တွင် ဘင်္ဂလားဒေ့ရှ်လူမျိုး နိုင်ငံသား ၈၆ ဦးအား မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဦးစီးမှူး ဦးသန့်ဇင်နှင့်အဖွဲ့က ငါးမျှားစခန်းကမ်းခြေ၌ သက်ဆိုင် ရာ တာဝန်ရှိသူများထံ လွှဲပြောင်းပေးခဲ့ကြောင်း သိရှိရသည်။ **နေမျိုးထွဋ်(ရေး)**

မဲလ်ဘုန်းလေဆိပ်မှ ပျံသန်းလာသော ခရီးသည်တင်လေယာဉ် ဗုံးလန့်မှုကြောင့် အရေးပေါ် ပြန်လည်ဆင်းသက်

ဆစ်ဒနီ မေ ၂၄

ဩစတြေးလျနိုင်ငံ မဲလ်ဘုန်းမြို့လေဆိပ်မှ မာရီတပ်စ်မြို့ လေဆိပ်သို့ ပျံသန်းရန် မေ ၂၄ ရက် နံနက်က ထွက်ခွာလာသော ခရီးသည်တင်လေယာဉ်တစ်စင်းသည် လေယာဉ်ပေါ်တွင် ဗုံးဟုသံသယဖြစ်ဖွယ်ဘူးတစ်ဘူး တွေ့ရှိမှုကြောင့် မဲလ်ဘုန်းလေဆိပ်သို့ အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ရကြောင်း ဩစတြေးလျအရာရှိများက ပြောကြားသည်။ (ဝဲပုံ)

ဆင်းသက်ခဲ့

အဆိုပါလေယာဉ်သည် ခရီးသည် ၁၈၀ နှင့် လေယာဉ်အမှုထမ်းကိုးဦးတို့ကို တင်ဆောင်ပျံသန်းလာစဉ် လေယာဉ်ပေါ်၌ ဗုံးဟုယူဆရသည့် အချိုရည်ဘူးတစ်ဘူးကို တွေ့ရှိခဲ့မှုကြောင့် လေယာဉ်မှူးက မဲလ်ဘုန်းလေဆိပ်သို့ အရေးပေါ် ပြန်လည်ဆင်းသက်ခဲ့ခြင်းဖြစ်သည်။

မဲလ်ဘုန်းလေဆိပ်တွင် လုံခြုံရေးအဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် မီးသတ်ယာဉ် ၁၅ စီးတို့က အသင့်အနေအထားဖြင့် စောင့်ဆိုင်းနေခဲ့ကြသည်။ လေယာဉ်လေဆိပ်သို့ ဆင်းသက်လာပြီးနောက် ခရီးသည်များအား ဘေးကင်းရာသို့ ရွှေ့ပြောင်းကာ တာဝန်ရှိသူများက လေယာဉ်ပေါ်တက်ပြီး စစ်ဆေးမှုများ ပြုလုပ်ခဲ့ကြသည်။ လေယာဉ်ပေါ်ရှိ ၎င်းအချိုရည်ဘူးပေါ်တွင် ဗုံးဟုရေးသားထားသော်လည်း တစ်စုံတစ်ရာ အန္တရာယ်ပေးနိုင်သည့် ပစ္စည်းမဟုတ်ကြောင်း လုံခြုံရေးအဖွဲ့များက ပြောကြားသည်။ ၎င်းအချိုရည်ဘူးအား ရောင်ခြည်ဖြတ်သန်းစစ်ဆေးမှုပြုလုပ်သော်လည်း အန္တရာယ်ပြုနိုင်သည့် တုံ့ပြန်မှုမရှိကြောင်း၊ စစ်ဆေးတွေ့ရှိရပြီးနောက် အဆိုပါ လေယာဉ်အား ဆက်လက်ပျံသန်းခွင့်ပြုခဲ့ကြောင်း သတင်း၌ဖော်ပြသည်။ (အင်တာနက်)

တောင်အာဖရိကၡ ရွှေမိုင်းတွင်းပြိုကျ

ဂျိုဟန်နစ္စဘတ် မေ ၂၄

တောင်အာဖရိကနိုင်ငံအလယ်ပိုင်းတွင် ရွှေမိုင်းတွင်းတစ်တွင်း ပြိုကျမှုဖြစ်ပွားခဲ့သဖြင့် မိုင်းလုပ်သား ၂၀ မြေအောက်၌ ပိတ်မိလျက်ရှိရာ ကယ်ဆယ်နိုင်ရေးအတွက် ကြိုးစားလျက်ရှိကြောင်း တောင်အာဖရိကရဲတပ်ဖွဲ့က မေ ၂၄ ရက်တွင် ထုတ်ဖော်ပြောကြားသည်။ (ယာပုံ)

အဆိုပါရွှေမိုင်းတွင်းမှာ ဖရီးအတိတ်ပြည်နယ်အလယ်ပိုင်း ဗီလ်ကမ်မြို့အနီး၌ရှိသော ရွှေမိုင်းတွင်းဖြစ်ပြီး ဟာမွန်ရွှေမိုင်းတွင်းကုမ္ပဏီက ပိုင်ဆိုင်သည့်မိုင်းတွင်းတစ်တွင်းဖြစ်သည်။

၎င်းရွှေမိုင်းတွင်းသည် မြေအောက်၌ မိုင်းလုပ်သားများ လုပ်ငန်းခွင်ဝင်ရောက်နေစဉ် ကျောက်တုံးများပြိုကျပြီးနောက် မိုင်းတွင်းပိတ်သွားခြင်းဖြစ်သည်။ ရွှေမိုင်းတွင်းပြိုကျမှု ဖြစ်ပွားလျှင်ဖြစ်ပွားချင်း ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ မိုင်းလုပ်သား ၁၀ ဦးကို ကယ်ဆယ်နိုင်ခဲ့ပြီး ကျန်မိုင်းလုပ်သား ၂၀ မှာ ပိတ်မိနေခဲ့ခြင်းဖြစ်သည်။

ဆောင်ရွက်လျက်

တောင်အာဖရိကနိုင်ငံ နော့သင်းကိတ်ပြည်နယ် အနောက်ပိုင်းတွင်ရှိသော စိန်မိုင်းတွင်းတစ်တွင်းသည်လည်း မေ ၁၉ ရက်က ပြိုကျမှုဖြစ်ပွားရာ မိုင်းလုပ်သား ၁၉ ဦး ပိတ်မိနေဆဲဖြစ်ပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ (အင်တာနက်)

မိုးမြင့်လင်းလက် – စုစည်းသည်

ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတွင်းရေးမှူးချုပ် မာဂရက်ချန် ထပ်မံရွေးချယ်ခံရ

ဂျီနီဗာ မေ ၂၄

ကုလသမဂ္ဂ၏ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ (ဒဗလျူအိတ်ချ်အို)၏ အတွင်းရေးမှူးချုပ်အဖြစ် လက်ရှိအတွင်းရေးမှူးချုပ် မာဂရက်ချန်အား ဒုတိယသက်တမ်းအတွက် ထပ်မံရွေးချယ်တာဝန်ပေးလိုက်ကြောင်း၊ မေ ၂၃ ရက်ကကျင်းပသည့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ညီလာခံက ရွေးချယ်လိုက်ခြင်းဖြစ်ကြောင်း မေ ၂၄ ရက်က သတင်းထုတ်ပြန်သည်။ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ (၆၅)ကြိမ်မြောက်ညီလာခံသို့ တက်ရောက်သောအဖွဲ့ဝင်နိုင်ငံ ၁၉၄ နိုင်ငံမှ ကိုယ်စားလှယ်များအားလုံးက မာဂရက်ချန်အား ရွေးချယ်ခဲ့ကြခြင်းဖြစ်သည်။

အသက် (၆၅)နှစ်အရွယ်ရှိ မာဂရက်ချန် **(အပေါ်ပုံ)**သည် တရုတ်နိုင်ငံ ဟောင်ကောင်မှ ဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတွင်းရေးမှူးချုပ်အဖြစ် ၂၀၀၆ ခုနှစ် နိုဝင်ဘာ ၉ ရက်မှစတင်ကာ ၂၀၁၂ ခုနှစ် ဇွန်လအထိ ပထမသက်တမ်းကာလကို တာဝန်ထမ်းဆောင်ခဲ့ပြီးဖြစ်သည်။ မာဂရက်ချန်သည် ဒုတိယသက်တမ်းအဖြစ် ၂၀၁၂ ခုနှစ် ဇူလိုင် ၁ ရက်မှ ၂၀၁၇ ခုနှစ် ဇွန် ၃၀ ရက်အထိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၏ အတွင်းရေးမှူးချုပ်တာဝန်ကို ဆက်လက်ထမ်းဆောင်ရမည်ဖြစ်သည်။ **(အင်တာနက်)**

အမေရိကန်မောင်းသူမဲ့လေယာဉ်တိုက်ခိုက်မှု ပါကစ္စတန်အနောက်မြောက်ပိုင်း၌ ငါးဦးသေဆုံး

အစ္စလမ္မာဘတ် မေ ၂၄

ပါကစ္စတန်နိုင်ငံအနောက်မြောက်ပိုင်း မြောက်ဝါဇီရစ္စတန်ဒေသတွင် အကြမ်းဖက်သမားများခိုအောင်းရာ နေအိမ်အဖြစ် မသင်္ကာဖွယ်တွေ့ရှိသဖြင့် မေ ၂၃ ရက် နံနက်စောစောပိုင်းက အမေရိကန်မောင်းသူမဲ့လေယာဉ်က ဒုံးကျည်နှစ်စင်းဖြင့် ပစ်ရာ အနည်းဆုံးငါးဦးသေဆုံးပြီး သုံးလေးဦးဒဏ်ရာရရှိသွားကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။ (ဝဲပုံ)

ပထမဆုံး

မေ ၂၃ ရက် ဒေသစံတော်ချိန် နံနက် ၂ နာရီ မိနစ် ၄၀ ခန့်က အမေရိကန်မောင်းသူမဲ့လေယာဉ်က ပထမဆုံးတိုက်ခိုက်ခြင်းဖြစ်သည်ဆို၏။

အဆိုပါနေအိမ်ကို ဒုံးကျည်နှစ်စင်းဖြင့်မပစ်မီ မြောက်ဝါဇီရစ္စတန်ဒေသရှိ မီရန်ရှားမြို့ပေါ်တွင် အမေရိကန်မောင်းသူမဲ့လေယာဉ်ငါးစင်း ဖြတ်ကျော်ပျံသန်းသည်ကို မြင်ရသည်ဟု ပါကစ္စတန်မီဒီယာများက ဖော်ပြထားသည်။ **(အင်တာနက်)**

အာဖဂန်အရှေ့မြောက်ပိုင်း ထောက်ပံ့ရေးလုပ်သားငါးဦး ပျောက်ဆုံး

မိုင်ဇာဘတ် မေ ၂၄

အာဖဂန်နစ္စတန်နိုင်ငံအရှေ့မြောက်ပိုင်း ဘက်ဒါရှန်ပြည်နယ်တွင် ထောက်ပံ့ရေးလုပ်သားငါးဦး ပျောက်ဆုံးနေကြောင်း အရာရှိတစ်ဦးက မေ ၂၃ ရက်တွင် ပြောကြားသည်။

ဘက်ဒါရှန်ပြည်နယ်ယက်တဲခရိုင်တွင် နိုင်ငံခြားသားအမျိုးသမီးသမားတော်နှစ်ဦးနှင့် အာဖဂန်နစ္စတန်ဆရာဝန်သုံးဦးပါဝင်သည့် ဆေးဝါးအဖွဲ့သည် မေ ၂၂ ရက် ညနေက ပျောက်ဆုံးသွားကြောင်း ပြည်နယ်အစိုးရ ပြောရေးဆိုခွင့်ရှိသူ အဗ္ဗဒူမာရပ်ရာဆစ်က ပြောကြားသည်။

ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ရန်အတွက် အဆိုပါအဖွဲ့သည် ယက်တဲခရိုင်မှ အိမ်နီးချင်း ရက်ခရိုင်သို့သွားရောက်စဉ် ပျောက်ဆုံးသွားခြင်းဖြစ်သည်ဟုလည်း အဗ္ဗဒူမာရပ်ရာဆစ်က ပြောကြားခဲ့သည်။ **(အင်တာနက်)**

အာဖဂန်နစ္စတန်စစ်ဆင်ရေးများ၌ လက်နက်ကိုင် ၁၅ ဦးအား ချေမှုန်းနိုင်

ကဘူးလ် မေ ၂၄

အာဖဂန်နစ္စတန်နိုင်ငံ၌ အာဖဂန်နစ္စတန်တပ်များနှင့် နေတိုးတပ်ဖွဲ့ဝင်များ၏ ၂၄ နာရီအတွင်း ဆင်နွှဲသည့် စစ်ဆင်ရေးရှစ်ခုတွင် တာလီဘန်အကြမ်းဖက်သမား ၁၅ ဦးသေဆုံးပြီး ၃၃ ဦးကို ဖမ်းဆီးလိုက်ကြောင်း အာဖဂန်နစ္စတန်ပြည်ထဲရေးဝန်ကြီးဌာနက မေ ၂၃ ရက်တွင် ကြေညာသည်။

အာဖဂန်နစ္စတန်စစ်တပ်၊ ရဲတပ်ဖွဲ့နှင့် နေတိုးတပ်ဖွဲ့ဝင်များက လွန်ခဲ့သည့် ၂၄ နာရီအတွင်း နယ်မြေရှင်းလင်းမှုစစ်ကြောင်း ရှစ်ခုဆင်နွှဲစဉ်အတွင်း တာလီဘန်လက်နက်ကိုင် ၁၅ ဦးအား ချေမှုန်းပြီး ၃၃ ဦးကို ဖမ်းဆီးခဲ့သည်ဟုဆို၏။ အာဖဂန်နစ္စတန်တောင်ပိုင်းမှ ဟဲလ်မန်း၊ ဇဘူးပြည်နယ်များနှင့် အရှေ့ပိုင်းမှ နန်ဂါဟာ၊ ဂါနီနှင့် ခို့စ်ပြည်နယ်များအတွင်း စစ်ဆင်တိုက်ခိုက်စဉ် တာလီဘန်လက်နက်ကိုင် ငါးဦး ဒဏ်ရာရရှိသွားခြင်းဖြစ်သည်။ **(ယာပုံ)** **(အင်တာနက်)**

နိုင်ငံတကာသတင်းအတိုအထွာ ၂၄-၅-၂၀၁၂

တင်မောင်လွင် – စုစည်းသည်

ပထမဆုံးပြည်တွင်းလုပ်ဂြိုဟ်တု သီရိလင်္ကာလွှတ်တင်မည်

*သီရိလင်္ကာနိုင်ငံက တရုတ်ကုမ္ပဏီတစ်ခုနှင့်သဘောတူစာချုပ် ချုပ်ဆိုပြီးနောက် လာမည့် ၂၀၁၅ ခုနှစ်တွင် ၎င်း၏ပထမဆုံးပြည်တွင်းလုပ်ဂြိုဟ်တု **(အပေါ်ပုံ)** ကို လွှတ်တင်သွားမည်ဖြစ်ကြောင်း အရာရှိများက မေ ၁၄ ရက်တွင် ပြောကြားသည်။*

သီရိလင်္ကာနိုင်ငံရှိ ဒေသတွင်းကုမ္ပဏီတစ်ခုဖြစ်သည့် စူပရီမီဆက်ကုမ္ပဏီက ၎င်းအနေဖြင့် အဆိုပါဂြိုဟ်တုလွှတ်တင်ရေးလုပ်ငန်းအတွက် အမေရိကန်ဒေါ်လာသန်း ၂၀ ဖြင့် လုပ်ငန်းလည်ပတ်သွားရန် သီရိလင်္ကာရင်းနှီးမြှုပ်နှံရေးဘုတ်အဖွဲ့နှင့် သဘောတူညီချက်ရရှိထားကြောင်း ယင်းကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။ စူပရီမီဆက်ကုမ္ပဏီသည် တရုတ်ကုမ္ပဏီနှင့်ပူးပေါင်းပြီး ဂြိုဟ်တုနှစ်လုံးကို ဂြိုဟ်ပတ်လမ်းအတွင်း လွှတ်တင်ထားပြီးဖြစ်ကြောင်း၊ လာမည့် ၂၀၁၅ ခုနှစ်တွင် လွှတ်တင်ရန်စီစဉ်ထားသည့်ဂြိုဟ်တုသည် သီရိလင်္ကာနိုင်ငံ၏ ပထမဆုံးပြည်တွင်းလုပ်ဂြိုဟ်တုဖြစ်ကြောင်း စူပရီမီဆက်ကုမ္ပဏီမှ တာဝန်ရှိသူများက ပြောကြားသည်။

တောင်အာဖရိက၌ ခိုးသတ်ခံရသည့် ကြံ့ကောင်ရေ ၂၂၀ ခန့်ရှိ

တောင်အာဖရိကနိုင်ငံတွင် ယခုနှစ်ပိုင်း၌ ကြံ့ချိုအတွက် ကြံ့ကောင်ရေ ၂၂၀ ခန့် ခိုးဖမ်းသူများ၏လက်ချက်ဖြင့် သေဆုံးကြောင်း တောင်အာဖရိက အစိုးရပတ်ဝန်းကျင်ရေးရာဌာနက မေ ၂၃ ရက်တွင် ဖော်ပြသည်။ အသတ်ခံရသည့်ကြံ့ကောင်ရေ ၂၂၀ အနက် ကြံ့ ၂၀၇ ကောင်မှာ တောင်အာဖရိကနိုင်ငံအရှေ့မြောက်ပိုင်း လင်ပိုပိုပြည်နယ်မှ နာမည်ကျော် ခရုဂါအမျိုးသားဉယျာဉ်၊ နော့သ်ဝက်စ်ပြည်နယ် သီးသန့်ကြိုးဝိုင်းနှင့် အရှေ့တောင်ပိုင်း ကွာဇုလုနာတယ်ပြည်နယ်တို့တွင် အသတ်ခံရခြင်းဖြစ်သည်။ ကြံ့သတ္တဝါများကို ခိုးသတ်မှုတားဆီးရေးအတွက် ယခုနှစ်အတွင်း ဖမ်းဆီးအရေးယူမှု ၁၄၆ မှု ရှိခဲ့ကြောင်း သိရသည်။

ဂျပန်တွင် အင်အားပြင်းငလျင်လှုပ်

ဂျပန်နိုင်ငံ ဟော့ကိုင်းဒိုးကျွန်းတွင် မေ ၂၃ ရက်က ဂရင်းနစ် စံတော်ချိန် ၁၅ နာရီ ၀၂ မိနစ်က ရစ်ချ်တာစကေး ၆ ဒသမ ၁ အဆင့်ရှိ အင်အားပြင်း ငလျင်တစ်ခုလှုပ်ခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးဌာနက သတင်းထုတ်ပြန်သည်။ အဆိုပါငလျင်သည် မြောက်လတ္တီတွဒ် ၄၁ ဒသမ ၃၈၂ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၁၄၂ ဒသမ ၀၇၃၄ ဒီဂရီနှင့် မြေအောက် ၄၀ ဒသမ ၇၀ ကီလိုမီတာအနက်တွင် ဗဟိုပြုလှုပ်ခတ်သွားခြင်းဖြစ်သည်။ ***(အင်တာနက်)***

စားနပ်ရိက္ခာဖူလုံရေး ကမ္ဘာ့သမုဒ္ဒရာများ ထိန်းသိမ်းရန်လိုအပ်

တိုး-ရေးသားသည်

ကမ္ဘာမြေမျက်နှာပြင်တစ်ခုလုံး၏ လေးပုံသုံးပုံနီးပါးကို ရေပြင်သမုဒ္ဒရာများက လွှမ်းမိုးထားသည်။ သမုဒ္ဒရာဟူသည် သတ္တလောက၌ အကြီးဆုံးသတ္တဝါဖြစ်သည့် ဝေလငါးတို့ မှီတင်းနေထိုင်ရာဖြစ်သည်။ ထို့အပြင် လူသားတို့ များစွာမှီခိုအားထားရသည့် ပင်လယ်အစားအစာများကို ထိုအဏ္ဏဝါပြင်မှ ရရှိသည်။ ရေသတ္တဝါများကလည်း အမျိုးအမည်စုံလှသည်။



သဲထူသော ကမ်းစပ်မှသည် စိမ်းလဲ့ပြာအောင်နက်ရှိုင်းသည့် ပင်လယ်၊ သမုဒ္ဒရာများနှင့် ပင်လယ်ကမ်းခြေတို့ အထိပါဝင်သည့် ဂေဟစနစ်က ထိုသို့သော ရေသတ္တဝါများအတွက် အစာရေစာလုံလောက်စွာပေးနေသည်။ ထို့ကြောင့်ကမ္ဘာ့သမုဒ္ဒရာများကို ထိန်းသိမ်းစောင့်ရှောက်ကြရန် ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်း **(အပေါ်ပုံ)**က မေ ၂၂ရက်က ကျင်းပသည့် ကုလသမဂ္ဂအထွေထွေညီလာခံတွင် တိုက်တွန်းလိုက်ခြင်းဖြစ်သည်။

ပြောကြား

ကမ္ဘာ့သမုဒ္ဒရာများ ထိန်းသိမ်းရန်လိုအပ်ပုံနှင့် စပ်လျဉ်း၍ ကမ္ဘာ့ငါးဖမ်းလုပ်ငန်းများကြောင့်လည်း ငါးမျိုးများ အတော်ကုန်ခမ်းခဲ့ရကြောင်း ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက ထောက်ပြသည်။ ထို့ပြင် သန္တာကျောက်တန်းများ၊ လမုပင်များနှင့် ပင်လယ်မြက်များဖြင့် ပါဝင်ဖွဲ့စည်းထားသည့် အဏ္ဏဝါပတ်ဝန်းကျင်၏ ၃၀ ရာခိုင်နှုန်းမှသည် ၃၄ရာခိုင်နှုန်းခန့်အထိပျက်စီးသွားပြီဖြစ်ကြောင်း မစ္စတာ ဘန်ကီမွန်းက ထပ်ဆင့်သတိပေးလိုက်သည်။စွမ်းအင်ရရှိရေးအတွက် ရုပ်ကြွင်းလောင်စာများကို ပိုမိုမီးရှို့မှုကြောင့် ရာသီဥတုပြောင်းလဲသွားစေခဲ့ပြီး ထိုမှတစ်ဆင့် ပင်လယ်ရေမျက်နှာပြင် ပိုမိုပူနွေးလာစေပြီး ပင်လယ်ရေပြင်မြင့်တက်လာရသည့်အပြင် သမုဒ္ဒရာများ ပိုမိုအချဉ်ပေါက် ကုန်ရကြောင်း ၎င်းက ပြောကြားလိုက်သည်။

ကမ္ဘာ့သမုဒ္ဒရာများ ထိန်းသိမ်းရန်နှင့် ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရန် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် ဘန်ကီမွန်းက နှိုးဆော်သတိပေးသကဲ့သို့ ရာသီဥတုပြောင်းလဲမှုကြောင့် ရှေ့လာမည့်နှစ်များတွင် သီးနှံများစိုက်ပျိုးထုတ်လုပ်ရန် ရေရှားပါးမည့်အကြောင်း ကုလသမဂ္ဂစားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (အက်ဖ်အေအို)က သတိပေးထားပြီး ဖြစ်သည်။

မြေထဲပင်လယ်ဒေသ၊ အမေရိကတိုက်နိုင်ငံများ၊ ဩစတြေးလျနှင့် တောင်အာဖရိကဒေသတို့တွင် မြစ်ရေလျှံမှုများနှင့် ရေအောင်းလွှာပြန်ဖြည့်မှုများ လျော့နည်းလာမည်။ ရေစီးဆင်းမှု အရှိန်လျော့ခြင်း၊ ဆားဓာတ်ပါဝင်မှုများလာခြင်းနှင့် ပင်လယ်ရေမျက်နှာပြင်မြင့်တက်ခြင်းတို့ကြောင့် မြစ်ဝကျွန်းပေါ်၏ မြေကို ခြိမ်းခြောက်သလိုဖြစ်သည့် တစ်ချိန်တည်းတွင် ရေခဲနှင့် တောင်ပေါ်ရေခဲမြစ်များ အရည်ပျော်မှုအပေါ် တည်မှီနေသည့် အာရှဒေသကိုလည်း ရာသီဥတုပြောင်းလဲမှုက ရိုက်ခတ်မည်ဖြစ်သည်။

အရှိန်အဟုန်

အပူချိန် မြင့်တက်လာမှုကြောင့် မြေဆီလွှာနှင့် ပင်လယ်တို့၏ အငွေ့ပျံနှုန်းပိုမြင့်လာသည့်အတွက် ကမ္ဘာကြီး၏ ရေစီးရေလာလည်ပတ်နှုန်း အရှိန်အဟုန်မြင့်လာတော့မည်။ အပူပိုင်းနှင့် ကုန်းမြင့် ဒေသတို့တွင် မိုးပိုမိုလာမည်ဖြစ်သော်လည်း တိုက်ကြီးများအတွင်းပိုင်းရှိ ခြောက်သွေ့ပြီးဖြစ်သော ဒေသများတွင် မိုးပိုမိုနည်းလာမည်။ ထို့ကြောင့် မိုးခေါင်မှုနှင့် ရေလွှမ်းမိုးမှုများ မကြာခဏကြုံရပြီး အဝီစိရေကို ပိုမိုအားထားအသုံးပြုရဖွယ်ရှိသည်။ စိုက်ပျိုးရေကိုပါ ရရန်ခက်ခဲလာဖွယ်ရှိရာ စားနပ်ရိက္ခာထုတ်လုပ်မှု ထိခိုက်လာမည် ဖြစ်သည်။ လောလောဆယ်ပင် အချို့ဒေသများတွင် သန်းပေါင်းများစွာသော ပြည်သူများ စားနပ်ရိက္ခာအကျပ်အတည်းဖြင့် ရင်ဆိုင်နေရပြီဖြစ်သဖြင့် ကမ္ဘာ့သမုဒ္ဒရာများကာကွယ်စောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတို့တွင် စိတ်အားတက်ကြွစွာ ပါဝင်ဆင်နွှဲရန် အချိန်တန်ပြီဖြစ်ကြောင်း နှိုးဆော်လိုက်ပါသည်။ ။ **(ကိုးကား-အင်တာနက်)**

“ အချို့ဒေသများတွင် သန်းပေါင်းများစွာသော ပြည်သူများ စားနပ်ရိက္ခာအကျပ်အတည်းဖြင့် ရင်ဆိုင်နေရပြီဖြစ်သဖြင့် ကမ္ဘာ့သမုဒ္ဒရာများ ကာကွယ်စောင့်ရှောက်ရေး၊ ရာသီဥတုပြောင်းလဲမှု တိုက်ဖျက်ရေးတို့တွင် စိတ်အားတက်ကြွစွာ ပါဝင်ဆင်နွှဲရန် အချိန်တန် ”

ဇော်ဦးခိုင်-ရေးသည်

အင်ဒိုနီးရှားနိုင်ငံတွင် မြေပြိုမှုဖြစ်ပွား၊ လေးဦးသေဆုံး

ဂျကာတာ မေ ၂၄

အင်ဒိုနီးရှားနိုင်ငံ အရှေ့ကာလီမန်တန်ပြည်နယ်ရှိ ဘာလစ်ပါပန်မြို့တွင် မေ ၂၄ ရက်က မြေပြိုမှုဖြစ်ပွားရာ လူလေးဦး သေဆုံးခဲ့ကြောင်း ကယ်ဆယ်ရေးသမားများက ၎င်းတို့ ရှာဖွေတွေ့ရှိပြီးနောက် ထုတ်ဖော်ပြောကြားခဲ့သည်။

ဘာလစ်ပါပန်မြို့ရှိ ရှာဖွေရေးနှင့်ကယ်ဆယ်ရေးရုံးမှ အကြီးအကဲ အာမိုနီရာဒီက ယခုဖြစ်ပွားသည့် သဘာဝဘေးအတွင်း မတော်တဆထိခိုက်ဒဏ်ရာရသူ သုံးဦးရှိကြောင်း ပြောကြားသည်။

မေ ၂၃ ရက်က မိုးစတင်ရွာသွန်းပြီး သည်းထန်စွာဆက်လက်ရွာသွန်းသဖြင့် မြေကြီးများပျော်ဆင်းကာ မေ ၂၄ ရက် နံနက် ၁၀ နာရီခွဲခန့်တွင် မြေပြိုခြင်းဖြစ်ပြီး အိမ်တစ်လုံး မြေကြီးများ ဖုံးအုပ်သွားကြောင်း၊ ထိုအိမ်အတွင်းရှိ လူသုံးဦး သေဆုံးခဲ့ခြင်းဖြစ်ကြောင်း ၎င်းက ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယခု မိုးသည်းထန်မှုကြောင့် မြို့တွင်းရှိ နေရာအချို့တွင် ရေကြီးမှုများဖြစ်ပွားနေကြောင်း၊ လတ်တလောအချိန်ထိ ပျက်စီးဆုံးရှုံးမှုသတင်းများ မရရှိသေးကြောင်း အာမိုနီရာဒီကပင် ဆက်လက်ပြောကြားသည်။ **(အင်တာနက်)**

တရုတ်နိုင်ငံတွင် လောင်စာဆီတင်ယာဉ် တစ်စီးမီးလောင် အနီးအနားရှိအိမ်များပါ မီးကူးစက်လောင်ကျွမ်း

ပေကျင်း မေ ၂၄

တရုတ်နိုင်ငံ၏ အချက်အချာကျသော မြို့တစ်မြို့ဖြစ်သည့် ဝူဟန်မြို့အတွင်းတွင် မေ ၂၄ ရက်က အီသနောလောင်စာအပြည့်တင်ဆောင်လာသော ယာဉ်တစ်စီး မီးလောင်မှုဖြစ်ပွားပြီး လမ်းဘေးရှိ လူနေအိမ်များကိုပါ မီးကူးစက်လောင်ကျွမ်းခဲ့ကြောင်း ဒေသရှိအာဏာပိုင်များက ပြောကြားသည်။

ဝူဟန်မြို့ ကျန်ကို့အရပ်တွင် နံနက် ၁၀ နာရီ မိနစ် ၅၀ ခန့်က အဆိုပါမီးလောင်မှုဖြစ်ပွားခြင်းဖြစ်ပြီး မီးသတ်ဝန်ထမ်းများ မီးငြိမ်းသတ်နိုင်ရေး အပြင်းအထန်ကြိုးစားခဲ့ရကြောင်း သတင်းတွင်ဖော်ပြသည်။

တင်ဆောင်လာ

မီးလောင်မှုဖြစ်ပွားသည့် လောင်စာဆီတင်ယာဉ်ပေါ်တွင် အီသနော လောင်စာ ၁ ဒသမ ၅ တန် တင်ဆောင်လာခဲ့ကြောင်း သတင်းရင်းမြစ်တစ်ခုက ပြောကြားသည်။ လတ်တလောတွင် မီးလောင်မှုအတွင်း ထိခိုက်သေဆုံးမှုနှင့် မီးလောင်ရသည့်အကြောင်းအရင်းကို သိရှိရခြင်းမရှိသေးကြောင်း သတင်းတွင် ဆက်လက်ဖော်ပြသည်။ **(အင်တာနက်)**

ထိပ်တန်းမူးယစ်ရာဇာ အမေရိကန်သို့ မက္ကဆီကိုလွှဲအပ်

မက္ကဆီကိုစီးတီး မေ ၂၄

မက္ကဆီကိုနိုင်ငံတွင် ဖမ်းဆီးထားသော မူးယစ်ရာဇာတရားခံတစ်ဦးအား အမေရိကန်နိုင်ငံသို့ မေ ၂၄ရက်က လွှဲပြောင်းပေးအပ်ကြောင်း အင်တာနက်သတင်းတွင် ဖော်ပြသည်။

ဆာဂျီရိုဝဲလ်လာရီယယ် **(ယာပုံ)** အမည်ရှိသည့် ၎င်းမူးယစ်ရာဇာဆိုသူအား အမေရိကန် တက္ကဆက်ပြည်နယ်ရှိ တရားရုံးတွင် မူးယစ်ဆေးဝါးမှောင်ခိုကုန်ကူးမှုနှင့် ငွေမည်းခဝါချမှုများအတွက် တရားစွဲဆိုရန်ဖြစ်သည်။ မူးယစ်ရာဇာ ဆာဂျီရိုအား မက္ကဆီကိုစီးတီး အရှေ့ပိုင်းတွင် လွန်ခဲ့သည့် နှစ်နှစ်ခန့်က ရဲတပ်ဖွဲ့ဝင်များ၏ စီးနင်းမှုအတွင်း ဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

ဆာဂျီရိုသည် မူးယစ်ရာဇာ ဘဲလ်ထရန်လိုင်ဗာ ဦးစီးသည့် အင်အားကြီး မူးယစ်ကုန်ကူးအဖွဲ့ကြီး၏ ထိပ်တန်းဒုတိယခေါင်းဆောင်တစ်ဦးဟု ထင်မှတ်ခံရသူတစ်ဦးဖြစ်ပြီး အမေရိကန်သို့ ဘိန်းဖြူ ဆေးခြောက်နှင့် ကိုကင်းများ မှောင်ခိုတင်သွင်းခြင်းအတွက် စွဲချက်တင်ခံရသူဖြစ်သည်။ မူးယစ်ရာဇာကြီး ဘဲလ်ထရန်လိုင်ဗာသည် ၂၀၀၉ခုနှစ် ဒီဇင်ဘာလအတွင်းက မက္ကဆီကိုရေတပ်စစ်ဆင်ရေးအတွင်း ပစ်သတ်ခံခဲ့ရသည်။ ၎င်း၏ မူးယစ်ဆေးဝါး မှောင်ခိုကုန်ကူးသည့်အဖွဲ့ကို ညီဖြစ်သူ ဟတ်တာဘဲလ်ထရန်လိုင်ဗာကဦးစီးဦးဆောင်ပြုခဲ့သည်။

ဖမ်းဆီးထား

၎င်းတို့အဖွဲ့ ဖြိုခွဲခံရပြီးနောက်ပိုင်းတွင် ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်သည့် ဟတ်တာဘဲလ်ထရန်ကလွဲ၍ ကျန်ထိပ်တန်းခေါင်းဆောင်ပိုင်းများအား ဖမ်းဆီးထားနိုင်ကြောင်း၊ မူးယစ်တိုက်ဖျက်ရေးများလည်း ဆက်လက်ဆင်နွှဲလျက်ရှိကြောင်း မက္ကဆီကိုအာဏာပိုင်များက ပြောကြားသည်။ **(အင်တာနက်)**

အတောင်ပံဝတ်ရုံဝတ်ထား ဟောလိဝုဒ်စတန့်သမား ဝေဟင်အမြင့်ပေ ၂၄၀၀မှ လေထီးမပါဘဲ အောင်မြင်စွာ ခုန်ဆင်းနိုင်

လန်ဒန် မေ ၂၄

အင်္ဂလန်နိုင်ငံ အော့စဖို့ရှိုင်းယားစီရင်စု ဝေဟင်တွင် စတန့်သမားတစ်ဦးသည် အတောင်ပံဝတ်ရုံဝတ်ဆင်လျက် ဝေဟင်အမြင့်ပေ ၂၄၀၀ မှ လေထီးမဲ့ ခုန်ချပျံဝဲပြသနိုင်ခဲ့သည်။ စတန့်သမား ဂါရီကွန်နရီသည် ရဟတ်ယာဉ်တစ်စင်းပေါ်မှ ဝေဟင်အမြင့်ပေ ၂၄၀၀ ကနေ အတောင်ပံဝတ်ရုံဖြင့် ခုန်ချခဲ့ခြင်းဖြစ်ပြီး မြေပြင်တွင် ခင်းကျင်းစီထပ်ထားသော ကတ်ထူဘူးပေါင်း ၁၈၀၀၀ ပေါ်သို့ အောင်မြင်စွာ ကျရောက်ဆင်းသက်နိုင်ခြင်းဖြစ်သည်။

အသားပေး

ဂါရီ၏ အံ့ဖွယ်စွမ်းဆောင်နိုင်မှုဖြစ်သည့် အတောင်ပံဝတ်ရုံဖြင့် ဝေဟင်မှလေထီးမဲ့ခုန်ချခြင်းသည် ကမ္ဘာ့ပထမဆုံး စွမ်းဆောင်ချက်တစ်ရပ်ဖြစ်သည်။ အသက်ဘေးအန္တရာယ်ထိခိုက်ရန် အလွန်နီးသည့် သူ၏ စွန့်စားစတန့်ပြကွက်မှာ ချီးကျူးဖွယ်ကောင်း၍ သတင်းများတွင် အသားပေးဖော်ပြကြသည်။

ဟောလိဝုဒ်ရုပ်ရှင်ကားများတွင် စွန့်စားခန်းများ၌ လူစားထိုးသရုပ်ဆောင်သူ စတန့်သမား ဂါရီက ပျံသန်းနေစဉ်မှာ မထင်မှတ်ထားတာတွေကြုံရကြောင်း၊ ဒါပေမယ့် အံ့မခန်းဖွယ်ဖြစ်ရပ်ဖြစ်ကြောင်း ပြောကြားသည်။

ခုန်ဆင်းခဲ့

ရဟတ်ယာဉ်ပေါ်မှ မခုန်ချမီ ဂါရီက သူ့စွမ်းဆောင်မှု ရာနှုန်းပြည့်အောင်မြင်မည်ဖြစ်ကြောင်း၊ ဆင်းရမည့်နေရာသို့လည်း မလွဲမသွေရောက်မှာဖြစ်ကြောင်း ယုံကြည်မှုအပြည့်ဖြင့် ပြောဆိုကာ ခုန်ဆင်းခဲ့ခြင်းဖြစ်သည်။

မြေပြင်ရှိ ပေ ၃၅၀ ရှည်ပြီး ပေ ၄၀ ကျယ်ကာ ၁၂ ပေအမြင့်ရှိသည့် ကတ်ထူဘူးပုံပေါ် ဘေးအန္တရာယ်ကင်းစွာ ကျရောက်ပြီးလျှင်ပြီးချင်း ဂါရီသည် စောင့်မျှော်နေသည့် အပေါင်းအသင်းမိတ်ဆွေများနှင့် အောင်မြင်မှုအထိမ်းအမှတ် ပျော်ရွှင်ပွဲကို ချက်ချင်းပင် ကျင်းပလိုက်ကြသည်။ **(အင်တာနက်)**

25-5 (05).pmd 1 5/25/2012, 1:53 AM

✻ ကျောဖုံးမှ

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဦးသန်းကျော်ထူးနှင့် အလုပ်ရုံပိုင်ရှင် ဒေါ်ဝင်းမော်ထွန်းတို့က ရွှေနဂါးစက်မှုလက်မှု အဆင့်မြင့်ယာဉ်ပြင် အလုပ်ရုံကိုလည်းကောင်း ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး အလုပ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်နှင့် အဖွဲ့ဝင်များသည် အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများ၌ ခေတ်မီစက်ပစ္စည်းများ အသုံးပြု၍ မော်တော်ယာဉ်များကို အစိတ်အပိုင်းအလိုက် ကြံ့ခိုင်ရေးစစ်ဆေးနေမှု၊ ပြင်ဆင်နေမှုနှင့် တပ်ဆင်နေမှုတို့ကို လှည့်လည်ကြည့်ရှု အားပေးကြသည်။

ထို့နောက် ဘောဂသီရိအဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံ လုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲအခမ်းအနားကို ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံ ယာယီခန်းမ၌ ကျင်းပရာ လုပ်ငန်းရှင်များကိုယ်စား ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ အလုပ်ရုံပိုင်ရှင် ဦးအောင်ဇော်နိုင်က အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများ တည်ဆောက်ပေးခြင်းအတွက် ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက နေပြည်တော်၌ အခြေခံအဆောက်အအုံများ အားလုံးနီးပါး တည်ဆောက်ပြီးဖြစ်သဖြင့် အဖွဲ့အစည်းအသီးသီး၏ အဆင့်မြင့်မော်တော်ယာဉ်များအား ပြုပြင်ထိန်းသိမ်းနိုင်ရေးအတွက် ခေတ်မီစက်ကိရိယာများဖြင့် ပြင်ဆင်နိုင်သည့် အဆင့်မြင့်ယာဉ်ပြင်လုပ်ငန်းများ မဖြစ်မနေလိုအပ်လာသည်ကို တွေ့ရကြောင်း၊ ချွတ်ယွင်းပျက်စီးသွားသည့် မော်တော်ယာဉ်များကို အချိန်တိုအတွင်း ခေတ်မီစက်ကိရိယာများဖြင့် ပြင်ဆင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်ပြီး ပထမအကြိမ်အဖြစ် အလုပ်ရုံ ခြောက်ရုံကို ဖွင့်လှစ်ပေးခဲ့ပြီး ယခု အလုပ်ရုံ ရှစ်ရုံကို ထပ်မံ၍ ဖွင့်လှစ်ပေးခြင်းဖြစ်ကြောင်းနှင့် လုပ်ငန်းများ အောင်မြင်တိုးတက်မှုရရှိအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရန် မှာကြားသည်။

တည်ဆောက်ထား

ယခုဖွင့်လှစ်သည့် ဘောဂသီရိအဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများသည် နေပြည်တော်၏ ယာဉ်အဝင်၊ အထွက်အများဆုံးဖြစ်သော ပျဉ်းမနားမြို့ရှောင်လမ်း(ရန်ကုန်-မန္တလေး)နှင့် ရာဇဌာနီလမ်းဆုံ ဘောဂသီရိကားဝင်းအနီးရှိ မြေဧရိယာ ဧက ၁၃၀ ပေါ်တွင် ပေ ၂၀၀ × ပေ ၄၀၀ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံ မြေကွက် ၃၇ ကွက်နှင့် ယာဉ်ပြင်အလုပ်ရုံငယ် ၂၂ ရုံတို့ကို စုစည်းဖော်ထုတ်တည်ဆောက်ထားခြင်းဖြစ်သည်။

အဆိုပါ အလုပ်ရုံများ၌ မော်တော်ယာဉ် ရေဆေး၊ ဆီထိုး အလုပ်ရုံများ၊ အလိုင်းမင်းချိန်ခြင်းနှင့် အောက်ပိုင်းပြင်ဆင်ရေးအလုပ်ရုံများ၊ ယာဉ်ကိုယ်ထည်ပြင်ဆင်ရေးနှင့် ဆေးမှုတ်လုပ်ငန်းအလုပ်ရုံများ၊ လျှပ်စစ်ပိုင်းဆိုင်ရာ ပြင်ဆင်ရေး၊ အဲယားကွန်းပြုပြင်ရေးဆိုင်ရာ အလုပ်ရုံများ၊ စက်ယန္တရားကြီးများ ပြင်ဆင်ရေးနှင့် အပိုပစ္စည်းများ တင်သွင်းရောင်းချခြင်းလုပ်ငန်းများ၊ တာယာနှင့် ဘက်ထရီအရောင်း ပြခန်းများ၊ စက်သုံးဆီအရောင်းပြခန်းများအပြင် မော်တော်ဆိုင်ကယ်များအား ဒစ်ဂျစ်တယ်စနစ်ဖြင့် အင်ဂျင်ဆွဲအား၊ ဘရိတ်စနစ်၊ အလိုင်းမင်းချိန်ခြင်းနှင့် မီးစနစ်ချိန်တွယ်ခြင်းလုပ်ငန်းများကို တစ်နေရာတည်းတွင် အချိန်ကုန်သက်သာစွာဖြင့် အဆင့်မီဆောင်ရွက်နိုင်အောင် ဖွင့်လှစ်ပေးထားခြင်းဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကြည့်ရှုအားပေး

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်၊ ဒုတိယဝန်ကြီးများနှင့် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသူများ King Horse Power Co.,Ltd. အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံ၌ ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

ပြည်သူ့လွှတ်တော်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်အား ဒိန်းမတ်နိုင်ငံအခြေစိုက် အာရှပရိုဂရမ်ခေါင်းဆောင်နှင့်အဖွဲ့ တွေ့ဆုံ

နေပြည်တော် မေ ၂၄

ပြည်သူ့လွှတ်တော်၊ အားကစား၊ ယဉ်ကျေးမှုနှင့် ပြည်သူ့ဆက်ဆံရေး ဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ သူရဦးအေးမြင့်နှင့် အဖွဲ့ဝင် (ရုံးတာဝန်ခံ) ဦးခိုင်မောင်ရည်တို့အား ဒိန်းမတ်နိုင်ငံအခြေစိုက် International Media Support (IMS) အဖွဲ့မှ Head of Asia Programme, Mr. Lars Bestle နှင့် အဖွဲ့ဝင်နှစ်ဦးတို့သည် ယနေ့နံနက် ၁၁ နာရီခွဲတွင် ပြည်သူ့လွှတ်တော် ဧည့်တွေ့ဆောင် (I-1) ၌ တွေ့ဆုံသည်။

ဆွေးနွေး

တွေ့ဆုံပွဲတွင် ကော်မတီဥက္ကဋ္ဌက ကော်မတီ၏လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ကော်မတီမှ ဆောင်ရွက်လျက်ရှိသည့် ပြည်သူ့ဆက်ဆံရေးဆိုင်ရာ စာပေစာနယ်ဇင်း၊ မီဒီယာအဖွဲ့များနှင့်ပတ်သက်သော လုပ်ငန်းများနှင့် ယဉ်ကျေးမှုနှင့်အားကစားဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ယင်းနောက် IMS အဖွဲ့မှ Media ဆိုင်ရာ သိလိုသည်များကိုဖြေကြားခဲ့ပြီး အပြည်ပြည်ဆိုင်ရာမီဒီယာအဖွဲ့များနှင့်ထိတွေ့ဆက်ဆံ၍ အကြံဉာဏ်ကောင်းနှင့် အတွေ့အကြုံကောင်းများကို ဖလှယ်လိုပါကြောင်းဖြင့် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

Korea Myanmar Development Company ဥက္ကဋ္ဌနှင့် လက်ရှိအာဏာရ Saenurs ပါတီ ဗဟိုကော်မတီမှ အကြံပေးအရာရှိနှင့်အဖွဲ့ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၄

Korea Myanmar Development Company ဥက္ကဋ္ဌနှင့် လက်ရှိအာဏာရ Saenurs ပါတီ ဗဟိုကော်မတီမှ အကြံပေးအရာရှိ Mr. Lee Young Soo နှင့်အဖွဲ့သည် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့ဥက္ကဋ္ဌ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်ကျော်ဇံမြင့်အား ယနေ့ နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် အဆိုပါဝန်ကြီးရုံး၌ လာရောက်တွေ့ဆုံပြီး နှစ်နိုင်ငံစီးပွားရေးပူးပေါင်းဆောင်ရွက်မှုကိစ္စရပ်များနှင့် နိုင်ငံကူးလက်မှတ်စာအုပ်များတွင် လုံခြုံရေးဆိုင်ရာ ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးကြသည်။ **(အပေါ်ပုံ)**

ထိုသို့တွေ့ဆုံရာတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် မြန်မာနိုင်ငံကူးလက်မှတ်ထုတ်ပေးရေးအဖွဲ့မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ရန်ကုန် မေ ၂၄

မိုင်းအန္တရာယ်ကင်းရှင်းရေးအသိပညာပေး အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ

ရှမ်းပြည်နယ် လူမှုဝန်ထမ်းဦးစီးဌာနနှင့် ယူနီဆက်(မြန်မာ)တို့ ပူးပေါင်း၍ မိုင်းအန္တရာယ်ကင်းရှင်းရေး အသိပညာပေးအလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲအခမ်းအနားကို မေ ၂၂ ရက် နံနက် ၉ နာရီတွင် တောင်ကြီးမြို့ မြန်မာနိုင်ငံဆရာဝန်အသင်းခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်က အဖွင့်အမှာစကားပြောကြားရာတွင် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးအတွက် တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းများနှင့် ငြိမ်းချမ်းရေးဆွေးနွေးရာ၌ တိုးတက်အောင်မြင်မှုများ ရရှိနေပြီ ဖြစ်သည့်အပြင် ယင်းဒေသများရှိ ကလေးသူငယ်များ၏ လုံခြုံစိတ်ချရနေရေးအတွက် မိုင်းအန္တရာယ်အသိပညာပေး လုပ်ငန်းစဉ်အား အရေးကြီးသည့် ကဏ္ဍအနေဖြင့် ဆောင်ရွက်သွားရန် လိုကြောင်းနှင့် သင်တန်းမှသိရှိသည့် အသိပညာများဖြင့် ဒေသတွင်းရှိ ကလေးသူငယ်များ၏ အကျိုးစီးပွားများကို အကောင်းဆုံးဖော်ဆောင်သွားကြရန် တိုက်တွန်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံယူနီဆက်ဌာနေကိုယ်စားလှယ် Mr. Ramesh Shrestha က အမှာစကားပြောကြားသည်။ အဆိုပါဆွေးနွေးပွဲသို့ ရှမ်းပြည်နယ် (တောင်ပိုင်း)ဒေသရှိ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူးများ၊ မြို့နယ်ပညာရေးမှူးများအပါအဝင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီနှင့် ဆက်နွယ်ဌာနများ၊ အစိုးရမဟုတ်သော လူမှုရေးအဖွဲ့အစည်းများမှ သင်တန်းသားသင်တန်းသူ ၄၈ ဦး တက်ရောက်၍ မေ ၂၅ ရက်အထိ ကျင်းပသွားမည်ဖြစ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မြို့တော်ခန်းမ၌ ကျင်းပသော ရှမ်းပြည်နယ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု ၂၀၁၂ ဖွင့်ပွဲအခမ်းအနားသို့တက်ရောက်၍ အမှာစကားပြောကြားပြီး ကျန်းမာရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး၏ သဝဏ်လွှာကို ပြည်နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာမြင့်အောင်က ဖတ်ကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် မြို့တော်ခန်းမအတွင်း ခင်းကျင်းပြသထားသော ကျန်းမာရေးပညာပေးပြခန်းကို ကြည့်ရှုအားပေးပြီး တောင်ကြီးမြို့ ဂရိုင်ရေးရေကန် သန့်ရှင်းရေးပြုလုပ်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့အလင်း မီးဘေးသတင်း

မန္တလေး၌ တစ်ညတည်း မီးနှစ်ကြိမ်လောင်

မန္တလေး မေ ၂၄

မန္တလေးတိုင်းဒေသကြီး မန္တလေးပြည်ကြီးတံခွန်မြို့နယ်နှင့် မဟာအောင်မြေမြို့နယ်တို့တွင် မေ ၂၃ ရက် ညပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည်။

ငြိမ်းသတ်နိုင်

ဖြစ်စဉ်မှာ မန္တလေး ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် ညည (၈၃) အမှတ်(၃၉)ရှိ ဦးပေါ်(ဘ) ဦးသိန်းကြွယ်၏ ၁၅ ပေပတ်လည် ထရံကာ ပျဉ်ခင်း ကတ်မိုးအိမ်တွင် ည ၈ နာရီခွဲခန့်က နှစ်ပင်လိမ်ဝိုင်ယာကြိုးအပူလွန်ကဲရာမှစတင်၍ မီးလောင်ကျွမ်းမှုဖြစ်ပွားရာ ဒေသခံများ၊ မီးသတ်ယာဉ်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိ ငြိမ်းသတ်နိုင်ခဲ့သဖြင့် ည ၈နာရီ ၄၅ မိနစ်ခန့်တွင် မီးငြိမ်းသွားကြောင်းသိရသည်။

အလားတူ မန္တလေးမဟာအောင်မြေမြို့နယ် ရတနာဘုမ္မိ အရှေ့ရပ်အကွက် (၅၄၀) ၃၆ လမ်းနှင့် ၃၇လမ်းကြား ၈၂ လမ်းရှိ ရွှေလသာ အဆင့်မြင့် ရောဂါရှာဖွေရေး နံကပ်နှစ်ထပ်နေအိမ်တွင်လည်း ည ၁၁ နာရီ ၄၅ မိနစ်ခန့်က အင်ဗာတာနှင့် ဆက်သွယ်ထားသည့် ဘက်ထရီပေါက်ကွဲရာမှ မီးလောင်မှုဖြစ်ပွားခဲ့ပြီး မီးသတ်ယာဉ်များ၊ ဒေသခံများ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရောက်ရှိ ငြိမ်းသတ်ရာ ည ၁၂ နာရီ ကျော်ခန့်တွင် မီးငြိမ်းသွားကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

သရုပ်ပြလေ့ကျင့်

လှိုင်မြို့နယ်ရှိ သီရိမင်္ဂလာ ဈေးသစ်ကြီး မီးဘေးကြိုတင်ကာကွယ်ရေး ဟောပြောပွဲနှင့်သရုပ်ပြပွဲ အခမ်းအနားကို မေ ၂၄ ရက်က အဆိုပါဈေး၌ ကျင်းပရာ မီးသတ်တပ်ဖွဲ့ဝင်များက ဆီမီးလောင်မှုကို ပေါင်ဒါမီးသတ်ဆေးဘူးဖြင့် လက်တွေ့မီးငြိမ်းသတ်ပြသပြီးနောက် ဈေးသူဈေးသားများက သရုပ်ပြ လေ့ကျင့်ကြစဉ်။ (မြန်မာ့အလင်း)

ရန်သူမီးဘေး တားဆီးရေး မနေးဆောင်ရွက်ကြ

ချင်းပြည်နယ်အမျိုးသားပတ်ဝန်းကျင်သန့်ရှင်းရေးလှုပ်ရှားမှု (၂၀၁၂)ဖွင့်ပွဲကျင်းပ

နေပြည်တော် မေ ၂၄

ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်းငိုင်းသည် ၂၀၁၂-၂၀၁၃ ပညာသင်နှစ် ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် မူလတန်းဆရာ အတတ်သင်(၃)နှစ်သင်တန်း အမှတ်စဉ်(၄၄) ပထမနှစ်သင်တန်းတက်ရောက်မည့် သင်တန်းသား သင်တန်းသူများအား မေ ၂၂ ရက် နံနက်ပိုင်းတွင် ချင်းပြည်နယ် အစိုးရအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ တွေ့ဆုံ အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် ဟားခါးမြို့ ပြည်သူ့ဆေးရုံကြီး အစည်းအဝေးခန်းမ၌ကျင်းပသော ချင်းပြည်နယ် အမျိုးသား ပတ်ဝန်းကျင်သန့်ရှင်းရေး လှုပ်ရှားမှု (၂၀၁၂) ဖွင့်ပွဲအခမ်းအနားသို့ လည်းကောင်း၊ မြို့တော်ခန်းမ၌ ကျင်းပသော သဘာဝဘေးကြိုတင်ပြင်ဆင်ရေးနှင့် အရေးပေါ်တုံ့ပြန်စီမံချက်ရေးဆွဲရေး အလုပ်ရုံဆွေးနွေးပွဲသို့ လည်းကောင်း တက်ရောက် အမှာစကားပြောကြားခဲ့ကြောင်းသတင်းရရှိသည်။

(သတင်းစဉ်)

သတိပေးနှိုးဆော်ချက်

၁။ စက်သုံးဆီသယ်ယာဉ် (Bowser)ဖြင့် စက်သုံးဆီများ သယ်ယူပို့ဆောင်ရာတွင် ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစိတ်ချရပြီး စနစ်တကျရှိစေရေးအတွက် ထုတ်ပြန်ထားသည့်တည်ဆဲရေနံ အက်ဥပဒေ၊ နည်းဥပဒေများအရ အောက်ပါတို့ကို သိရှိလိုက်နာဆောင်ရွက်နိုင်ရန် ဖော်ပြအပ်ပါသည်-

(က) စက်သုံးဆီသယ်ယာဉ်တွင် တည်ဆောက်တပ်ဆင်ထားသည့် ဝမ်းလောင်းတိုင်ကီ (Bowser Tank)၊ မီးကာသံပြား Shiels များ၊ လျှပ်စစ်ပိုင်းဆိုင်ရာ ပစ္စည်းများ၊ ဆီတင်ဆီချပိုက်များ၊ အဖွင့်အပိတ်ဘားများ၊ မီးသတ်ဆေးဘူးများ၊ လျှပ်စစ်မြေစိုက်ကြိုးနှင့် Exhaust Pipe စသည်တို့သည် သတ်မှတ်ထားသော စံချိန်စံညွှန်းများနှင့်အညီ ဖြစ်ရမည်။

(ခ) Bowser Tank ကိုယ်ထည်၏ ဘေးဝဲယာနှစ်ဖက်နှင့် နောက်ဘက်တို့တွင် "မီးလောင်လွယ်သည်" "မီးသတိပြု" "လောင်စာဆီအမျိုးအစားနှင့် ဝင်ဆံ့ဂါလန်အရေအတွက်" နှင့် "ယာဉ်နံပါတ်"တို့ကို သိသာထင်ရှားစွာ ရေးသားထားရမည်။

(ဂ) ယာဉ်မောင်းသူ၏ လေကာမှန်အထက်နားတွင် "တစ်နာရီမိုင် ၃၀ ထက်မပိုရ" စာတန်းအား ထင်ရှားစွာရေးသားထားရမည်။

(ဃ) ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်လမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် သက်တမ်းရှိယာဉ်ဖြစ်ရမည်။

(င) စွမ်းအင်ဝန်ကြီးဌာန၊ မြန်မာ့ရေနံထွက်ပစ္စည်းရောင်းဝယ်ရေးလုပ်ငန်းတွင် သတ်မှတ်သက်တမ်းကာလအတိုင်း ယာဉ်စစ်ဆေးမှုကိုခံယူ၍ ဝင်ဆံ့ဂါလန် တိုင်းတာသတ်မှတ်ရန် ရေချိန်ဝင်ရမည်။

(စ) သတ္တုတွင်းဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာနတွင် သတ်မှတ်သက်တမ်းကာလအတိုင်း စက်သုံးဆီသယ်ယူခွင့် ပါမစ်လျှောက်ထားခြင်း၊ သက်တမ်းတိုးခြင်းများ ဆောင်ရွက်ရမည်။

၂။ လိုက်နာဆောင်ရွက်ခြင်းမရှိကြောင်း စစ်ဆေးတွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

ရေနံထွက်ပစ္စည်းများတင်သွင်းသိုလှောင်သယ်ယူဖြန့်ဖြူးရောင်းချခြင်းလုပ်ငန်းများထိန်းသိမ်းကြီးကြပ်ရေးကော်မတီ

ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် အာဂျင်တီးနားနိုင်ငံ အမျိုးသားနေ့သဝဏ်လွှာပေးပို့

နေပြည်တော် မေ ၂၅

၂၀၁၂ ခုနှစ် မေ ၂၅ ရက်တွင်ကျရောက်သော အာဂျင်တီးနားသမ္မတနိုင်ငံ၏ နှစ်ပတ်လည်အမျိုးသားနေ့၌ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ အာဂျင်တီးနားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဟက်တာ တီမာမန်းထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ဒိန်းမတ်နိုင်ငံ International Media Support နှင့် AP သတင်းဌာနတို့မှ ကိုယ်စားလှယ်အဖွဲ့များ လာရောက်တွေ့ဆုံ

နေပြည်တော် မေ ၂၄

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်းအား ဒိန်းမတ်နိုင်ငံ International Media Support မှ Executive Director, Mr. Jesper Hojberg ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက် ၁၀ နာရီတွင် လည်းကောင်း၊ AP သတင်းဌာန (Associated Press) မှ Asia- Pacific Editor, Mr. Brian James Carovillano ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မွန်းတည့် ၁၂ နာရီတွင်လည်းကောင်း နေပြည်တော်ရှိ ပြန်ကြားရေးဝန်ကြီးရုံး ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံကြသည်။ **(အပေါ်ပုံ)**

အမြင်ချင်းဖလှယ်

ထိုသို့တွေ့ဆုံရာတွင် မြန်မာနိုင်ငံ၏ သတင်းနှင့်ပြန်ကြားရေးလုပ်ငန်းများ၌ ပူးပေါင်းဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် ပြန်ကြားရေးဝန်ကြီးဌာနက ဆောင်ရွက်နေသည့် မီဒီယာပိုင်းဆိုင်ရာ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များအပေါ် ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ကြသည်။

အဆိုပါတွေ့ဆုံပွဲသို့ ပြန်ကြားရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် ဦးဆောင်ညွှန်ကြားရေးမှူးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **(သတင်းစဉ်)**

နိုင်ငံတကာအားကစားသတင်း

နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း နိုင်ငံတကာအားကစားသတင်း

၂၀၂၀ အိုလံပစ်အားကစားပွဲတော် အိမ်ရှင် မက်ဒရစ်၊ တိုကျိုနှင့် အစ္စတန်ဘူလ်တို့ကို ဆန်ခါတင်ရွေးချယ်

အော့တဝါ မေ ၂၄

၂၀၂၀ ပြည့်နှစ် အိုလံပစ်အားကစားပွဲတော်ကို အိမ်ရှင်အဖြစ် ကျင်းပနိုင်ရေးအတွက် စပိန်နိုင်ငံ မက်ဒရစ်မြို့၊ ဂျပန်နိုင်ငံ တိုကျိုမြို့နှင့် တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့တို့အား အိုလံပစ်ကော်မတီ (အိုင်အိုစီ)က နောက်ဆုံး ဆန်ခါတင်အဖြစ် ရွေးချယ်လိုက်ကြောင်း မေ ၂၄ ရက်က သတင်းထုတ်ပြန်သည်။

ယခင်က အိမ်ရှင်အဖြစ် အဆိုပြုလွှာတင်သွင်းခဲ့သော ကာတာနိုင်ငံ ဒိုဟာမြို့နှင့် အဇာဘိုင်ဂျန်မြို့တော် ဘာကူမြို့၏အမည်စာရင်းကိုမူ နိုင်ငံတကာအိုလံပစ်ကော်မတီက ရွေးချယ်ခြင်းမပြုခဲ့ကြောင်း သိရသည်။ **(အပေါ်ပုံ)**

နိုင်ငံတကာအိုလံပစ်ကော်မတီအနေဖြင့် အိမ်ရှင်အဖြစ် အမည်စာရင်းတင်သွင်းထားသည့် အိမ်ရှင်နိုင်ငံများ၏မြို့များကို စစ်ဆေးမှုများပြုလုပ်ခဲ့ပြီးနောက် ဆန်ခါတင်အမည်စာရင်းကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။ ယခုရွေးချယ်ထားသည့် မက်ဒရစ်မြို့၊ တိုကျိုမြို့နှင့် အစ္စတန်ဘူလ်မြို့များအနက် နောက်ဆုံးအပြီးသတ် မြို့အမည်ကို ဗျူနိုအေရိစ်မြို့၌ လာမည့် စက်တင်ဘာ ၇ ရက်တွင် ရွေးချယ်ထုတ်ပြန်မည်ဖြစ်သည်။ ယခုဆန်ခါတင်ရွေးချယ်ထားသည့် မြို့များတွင် မက်ဒရစ်မြို့သည် အိုလံပစ်အားကစားပွဲတော်ကို နှစ်ကြိမ်ကျင်းပခဲ့ပြီးဖြစ်သည်။ ထို့အတူ တိုကျိုမြို့သည်လည်း ပထမအကြိမ်ကျင်းပခဲ့ပြီးဖြစ်ရာ ဒုတိယအကြိမ် အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရန် ကြိုးစားနေခြင်းဖြစ်သည်။

ထို့အတူ အစ္စတန်ဘူလ်မြို့သည်လည်း အိုလံပစ်ပွဲတော်ကို ငါးကြိမ်ကျင်းပခဲ့ပြီးဖြစ်ရာ ယခုဆဋ္ဌမအကြိမ်မြောက်အိမ်ရှင်အဖြစ် ကျင်းပခွင့်ရရှိရန် စာရင်းပေးထားခြင်းဖြစ်သည်။ **(အင်တာနက်)**

ဥရောပချန်ပီယံရှစ်ရေကူးပြိုင်ပွဲ မီတာ ၁၀၀စိတ်ကြိုက်ကူး၌ ဆွီဒင်ရေကူးမယ်အနိုင်ရ

မောင်မောင်မြင့်ဆွေ – စုစည်းသည်

ဒီဘရီစင် မေ ၂၄

ဥရောပချန်ပီယံရှစ် အမျိုးသား အမျိုးသမီးရေကူးပြိုင်ပွဲကို ဟန်ဂေရီနိုင်ငံ ဒီဘရီစင်မြို့၌ ကျင်းပလျက်ရှိရာ မေ ၂၄ရက်က ကျင်းပသည့် အမျိုးသမီး မီတာ ၁၀၀ စိတ်ကြိုက်ကူးပြိုင်ပွဲတွင် ဆွီဒင်ရေကူးမယ် အက်ဂျီစတုန်းက ၅၃ ဒသမ ၆၁ စက္ကန့်ဖြင့် အနိုင်ရရှိသွားသည်။ (ယာပုံ) အက်ဂျီစတုန်းသည် မီတာ ၁၀၀စိတ်ကြိုက်ကူးပွဲစဉ် စတင်တာထွက်ကတည်းက ဦးဆောင်ရေကူးနိုင်ခဲ့သူဖြစ်ပြီး ဗိုလ်စွဲခဲ့ခြင်းဖြစ်သည်။ ဒုတိယအဖြစ် ဂျာမနီရေကူးမယ် စတီဖန်က ၅၄ ဒသမ ၁၅စက္ကန့်ဖြင့် ပန်းဝင်ခဲ့သည်။ နောက်ထပ်ဂျာမနီ ရေကူးမယ် ဆာရက်ပိုစီက ၅၄ ဒသမ ၄၁စက္ကန့်ဖြင့် တတိယပန်းဝင်ခဲ့ခြင်းဖြစ်သည်။

နောက်ထပ်ပွဲစဉ်တစ်ပွဲဖြစ်သည့် အမျိုးသမီးမီတာ ၁၀၀ဖားကူးပြိုင်ပွဲတွင် ဂျာမနီမှ ဆာရက်ပိုစီက ၁မိနစ် ၀၇ ဒသမ ၃၃စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ ဆွီဒင်ရေကူးမယ်ဂျွန်ဆင်က ၁ မိနစ် ၀၇ဒသမ ၈၅ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး စပိန်ရေကူးမယ် အာဇင်ကွီက ၁ မိနစ် ၀၇ ဒသမ ၉၁ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ တစ်ဖန်အမျိုးသား မီတာ ၂၀၀ စိတ်ကြိုက်ရေကူးပြိုင်ပွဲတွင် ဂျာမနီရေကူးသမား ဘီဝါမင်းက ၁ မိနစ် ၄၆ ဒသမ ၂၇ စက္ကန့်ဖြင့် ပထမရရှိခဲ့သည်။ ပြင်သစ်ရေကူးသမား လီဇက်က ၁ မိနစ် ၄၇ ဒသမ ၆၉ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့ပြီး ဟန်ဂေရီရေကူးသမား ဒိုမီနစ်ကိုမာက ၁ မိနစ် ၄၇ ဒသမ ၇၂စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ အမျိုးသား မီတာ ၁၅၀၀ စိတ်ကြိုက်ကူးပြိုင်ပွဲတွင် အီတလီမှ ပါထရင်ရီက ၁၄ မိနစ် ၄၈ ဒသမ ၉၂ စက္ကန့်ဖြင့် ပထမရရှိပြီး ဟန်ဂေရီမှ ဂါရီဘစ်က ၁၄ မိနစ် ၅၈ ဒသမ ၁၅ စက္ကန့်ဖြင့် ဒုတိယရရှိခဲ့သည်။ ဂျော်ဂျီယာရေကူးသမားဂူရာတာက ၁၅မိနစ် ၀၄ ဒသမ ၃၈ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။

(အင်တာနက်)

နိုင်ငံတကာပြေးခုန်ပစ် ဒိုင်းမွန်းလိဂ်ပြိုင်ပွဲ အီသီယိုးပီးယားအပြေးသမားဗိုလ်စွဲ



ရှန်ဟိုင်း မေ ၂၄

နိုင်ငံတကာပြေးခုန်ပစ်အဖွဲ့ချုပ်ကကြီးမှူးပြီး တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့တွင် ကျင်းပလျက်ရှိသည့် ဒိုင်းမွန်းလိဂ်ပြေးခုန်ပစ်ပြိုင်ပွဲ၏ အမျိုးသားမီတာ ၅၀၀၀ အပြေးပြိုင်ပွဲတွင် အီသီယိုးပီးယားအပြေးသမား ဟာရို့စ်ဂီဘာဟီဝက်က ၁၃ မိနစ် ၁၁ စက္ကန့်ဖြင့် အနိုင်ရဗိုလ်စွဲခဲ့ကြောင်း မေ ၂၄ ရက်က သတင်းထုတ်ပြန်သည်။ ***(ဝဲပုံ)***

ယင်းပြိုင်ပွဲ၌ ကင်ညာအပြေးသမား လန်ဂိုစီဝါက ၁၃ မိနစ် ၁၁ ဒသမ ၇၃ စက္ကန့်ဖြင့် ဒုတိယရရှိပြီး နောက်ထပ်ကင်ညာအပြေးသမား ဂျွန်ကော့ကို့က ၁၃ မိနစ် ၁၂ ဒသမ ၆၆ စက္ကန့်ဖြင့် တတိယရရှိခဲ့သည်။ ထို့အတူ ကင်ညာအပြေးသမား ချီကော့ပ်က ၁၃ မိနစ် ၁၃ ဒသမ ၂၃ စက္ကန့်ဖြင့် စတုတ္ထရရှိခဲ့ပြီး အီသီယိုးပီးယားမှ အပြေးသမား ဘီကီလီက ၁၃ မိနစ် ၁၃ ဒသမ ၈၉ စက္ကန့်ဖြင့် ပဉ္စမရရှိခဲ့သည်။

နောက်ထပ် အီသီယိုးပီးယားအပြေးသမား အလမ်မီရောက ၁၃ မိနစ် ၁၄ ဒသမ ၂၆ စက္ကန့်ဖြင့် ဆဋ္ဌမရရှိခဲ့သည်။ တစ်ဖန် အမျိုးသမီးအမြင့်ခုန်ပြိုင်ပွဲတွင် အမေရိကန် အမြင့်ခုန်မယ် လူးချန်တီ က ၁ ဒသမ ၉၂ မီတာဖြင့် ပထမရရှိပြီး တရုတ်အမြင့်ခုန်မယ် ချန်စင်ကျန်က ၁ ဒသမ ၉၁ မီတာဖြင့် ဒုတိယရရှိကာ ကာဇက်စတန်အမြင့်ခုန်မယ် အက်တိုဗာမာရီနာက ၁ ဒသမ ၈၈ မီတာခုန်ပြီး တတိယရရှိခဲ့သည်။ ***(အင်တာနက်)***

❒ ရှေ့ဖုံးမှ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မေ ၉ ရက် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ဘာလင်မြို့ ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ (President of the Bundestag) Dr. Nobert Lammert နှင့်တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ထို့နောက် လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြပြီး ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဂျာမန် ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

မေ ၈ ရက် နံနက် ၁၁ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် အဖွဲ့ဝင်များသည် ဂျာမန် ပါလီမန်အဆောက်အအုံ၌ ပါလီမန်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့်ဖွံ့ဖြိုးရေးကော်မတီဥက္ကဋ္ဌ Ms. Dagmar W'o'hrlနှင့်အဖွဲ့ဝင်များနှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၆ ရက် ည ၈ နာရီတွင် ဂျာမနီနိုင်ငံ မြူးနစ်မြို့သို့ ရောက်ရှိရာ ဂျာမနီနိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်ဝင်းနှင့် Bavarian ပြည်နယ်လွှတ်တော်၊ Hans Seidel Foundation (HSF)မှ တာဝန်ရှိပုဂ္ဂိုလ်များက ကြိုဆိုခဲ့ကြသည်။ မေ ၇ ရက် မွန်းတည့် ၁၂ နာရီတွင် Bavarian ပြည်နယ်ပါလီမန်ဥက္ကဋ္ဌ Mrs. Barbara Stamn နှင့်တွေ့ဆုံပြီး မြူးနစ်မြို့ရှိ Bavarian ပါလီမန်၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။ ထို့နောက် Bavarian ပြည်နယ်လွှတ်တော်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက် နံနက် ၉ နာရီခွဲတွင် ပြည်ထောင်စုသမ္မတဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Guido Westerwelle နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် မွန်းလွဲ ၂ နာရီတွင် ဝန်ကြီးချုပ်ရုံး ဝန်ကြီး Mr. Eckart Von Klaeden နှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့သည် မေ ၉ ရက် နံနက် ၁၁ နာရီခွဲတွင် စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဝန်ကြီးဌာနဝန်ကြီး Mr. Dirk Niebel နှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ခေါင်းဆောင်သော မြန်မာလွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၈ ရက် ညနေ ၃ နာရီခွဲတွင် ပို့ဆောင်ရေးနှင့် မြို့ပြဖွံ့ဖြိုးရေးဝန်ကြီးဌာန Parmanentary State Secretary, Mr. Rainer Bomba နှင့်လည်းကောင်း၊ ညနေ ၅ နာရီခွဲတွင် စီးပွားရေးနှင့် နည်းပညာဖွံ့ဖြိုးရေးဝန်ကြီးဌာန Parliamentary State Secretary Mr. Peter Hintz နှင့်လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့သည်။

မေ ၁၁ ရက် ညနေ ၃ နာရီ ၁၅ မိနစ်တွင် မြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ဘယ်လ်ဂျီယံနိုင်ငံ ဘရပ်ဆဲလ်မြို့မှ မီးရထားဖြင့် ထွက်ခွာလာရာ ပြင်သစ်နိုင်ငံ ပါရီမြို့သို့ ညနေ ၄ နာရီ ၃၅ မိနစ်တွင် ရောက်ရှိပြီး ပြင်သစ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးကျော်စွာမင်းနှင့် သံရုံးဝန်ထမ်းများက ကြိုဆိုခဲ့ကြသည်။

မေ ၁၂ ရက် နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ပြင်သစ်နိုင်ငံ ပါလီမန်သို့ရောက်ရှိရာ ပြင်သစ်ပါလီမန်မှ ပူးပေါင်းဆောင်ရွက်ရေးဌာနအကြီးအကဲ ညွှန်ကြားရေးမှူးချုပ် Mr. Duluc က ရှင်းလင်းတင်ပြပြီး ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ထို့နောက် ဆွစ်ဇာလန်နိုင်ငံသို့ ထွက်ခွာခဲ့ပြီး ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့မှတစ်ဆင့် ဇူးရစ်မြို့မှ လေကြောင်းခရီးဖြင့် ထွက်ခွာလာရာ မေ ၁၃ ရက် ည ၁၀ နာရီခွဲတွင် နော်ဝေးနိုင်ငံ အော်စလိုမြို့သို့ ရောက်ရှိသည်။

အသိအမှတ်ပြုကြောညာ

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၄ ရက် နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် နော်ဝေးနိုင်ငံ ပါလီမန်အဆောက်အအုံသို့ ရောက်ရှိရာ နော်ဝေးပါလီမန် ဒုတိယဥက္ကဋ္ဌ Ms. Marit Nybakk နှင့်အဖွဲ့ဝင်များက ကြိုဆိုကြသည်။ ထို့နောက် နော်ဝေးပါလီမန် ပုံမှန်အစည်းအဝေးဖွင့်လှစ်မှုကို တက်ရောက်ကြည့်ရှုလေ့လာရာ မြန်မာပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့ တက်ရောက်မှုကို အသိအမှတ်ပြုကြေညာခဲ့ပြီး ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် နော်ဝေးနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ (President of the Storting) Mr.Dag Terje Andersen နှင့် တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် နော်ဝေးပါလီမန် နိုင်ငံခြားရေးနှင့် ကာကွယ်ရေးဆိုင်ရာကော်မတီဥက္ကဋ္ဌ Ms. Ine M. Eriksen Sreide ဦးစီးသောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၆ ရက် နံနက် ၁၁ နာရီ ၄၅ မိနစ်တွင် နော်ဝေးနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Mr. Jonas Gahr Store နှင့် တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် ညနေ ၄ နာရီတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် နော်ဝေးနိုင်ငံ အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနဝန်ကြီး Mr. Heikki Holmas နှင့် တွေ့ဆုံဆွေးနွေးခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သောအဖွဲ့နှင့် နော်ဝေးနိုင်ငံ ပါလီမန်ဥက္ကဋ္ဌ Mr. Dag Terje Andersen တို့ တွေ့ဆုံဆွေးနွေးကြစဉ်။ (သတင်းစဉ်)

ယင်းနေ့တွင် နော်ဝေးပါလီမန်ကော်မတီများရုံးသို့ သွားရောက်ခဲ့ပြီး နော်ဝေးနိုင်ငံ စာရင်းစစ်ချုပ်၏ အခန်းကဏ္ဍ ရှင်းလင်းပွဲသို့လည်းကောင်း၊ Institute for Democracy and Electoral Assistance ရှင်းလင်းတင်ပြမှုကိုလည်းကောင်း တက်ရောက်ဆွေးနွေးခဲ့သည်။

ထို့နောက် ညနေ ၅ နာရီတွင် အော်စလိုစင်တာ အဆောက်အအုံ၌ ငြိမ်းချမ်းရေးနှင့် လူ့အခွင့်အရေးအော်စလိုစင်တာဥက္ကဋ္ဌ Mr. Kjell Magne Bondevik နှင့် တွေ့ဆုံဆွေးနွေးသည်။

မေ ၁၇ ရက် နံနက် ၉ နာရီခွဲတွင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် နော်ဝေးနိုင်ငံ အမျိုးသားနေ့နှင့် အခြေခံဥပဒေနေ့ အခမ်းအနားသို့ တက်ရောက်သည်။

ပူးပေါင်းပါဝင်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း၏ နော်ဝေးနိုင်ငံ ချစ်ကြည်ရေးခရီးစဉ်တွင် နော်ဝေးနိုင်ငံသို့ ထပ်မံရောက်ရှိလာသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးဉာဏ်ဆွေဝင်း၊ ဦးခင်မောင်ရီ(ခ) ဦးခိုင်မောင်ရည်၊ ဦးစောသိန်းအောင်၊ ဦးငွန်မောင်း၊ ဒေါ်မိမြင့်သန်း၊ ဒေါ်ခင်စောဝေ၊ ဒေါက်တာမျိုးအောင်၊ ဦးသိန်းဆွေနှင့် ကော်မရှင်အဖွဲ့ဝင် ဦးသန်းထွန်းတို့လည်း ကိုယ်စားလှယ်အဖွဲ့ဝင်များအဖြစ် ပူးပေါင်းပါဝင်ခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၁၈ ရက် ညနေ ၃ နာရီတွင် United Kingdom နိုင်ငံ ပါလီမန်ဥက္ကဋ္ဌ Mr. John Bercow နှင့်တွေ့ဆုံ ဆွေးနွေးသည်။ ထို့နောက် Minister for State, DFID, Mr. Alan Duncan နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် Minister of State, Lord Howell နှင့် တွေ့ဆုံဆွေးနွေးသည်။ ၎င်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် ကိုယ်စားလှယ်အဖွဲ့ဝင်များသည် အမှတ်(၁၀) ဒေါင်းနင်းလမ်းတွင် United Kingdom နိုင်ငံ ဝန်ကြီးချုပ်၏ အကြံပေးပုဂ္ဂိုလ် Mrs. Kate Joseph နှင့် တွေ့ဆုံဆွေးနွေးသည်။ ယင်းနောက် United Kingdom နိုင်ငံ ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် လန်ဒန်မြို့တွင် ရောက်ရှိနေစဉ် သံအမတ်ကြီး၏ နေအိမ်၌ မြန်မာအသင်းမှပုဂ္ဂိုလ်များ၊ ဗြိတိန်နိုင်ငံရောက် မြန်မာနိုင်ငံသားအချို့နှင့် ရင်းနှီးစွာတွေ့ဆုံခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၁ ရက် နံနက် ၁၀ နာရီတွင် ဒိန်းမတ်နိုင်ငံ ကိုပင်ဟေဂင်မြို့ရှိ ပါလီမန်အဆောက်အအုံ၌ ဒိန်းမတ်နိုင်ငံ ပါလီမန်ဥက္ကဋ္ဌ Mr. Mogens Lykketoft ဦးဆောင်သောအဖွဲ့နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ပါလီမန်အဆောက်အအုံအတွင်း လှည့်လည်ကြည့်ရှုလေ့လာကြသည်။ ယင်းနောက် ဒိန်းမတ်နိုင်ငံ ပါလီမန်အတွင်းရေးမှူးချုပ် Mr. Carsten-U-Larsen နှင့်တွေ့ဆုံဆွေးနွေးသည်။

ယင်းနောက် မွန်းလွဲ ၁ နာရီတွင် ဒိန်းမတ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန အဆောက်အအုံ၌ ဒိန်းမတ်နိုင်ငံ ဖွံ့ဖြိုးရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး Mr. Christian Friis Bach နှင့် တွေ့ဆုံဆွေးနွေးသည်။

ဥရောပသမဂ္ဂ ပါလီမန်ဥက္ကဋ္ဌ Mr. Martin Schulz ၏ ဖိတ်ကြားချက်အရ ဥရောပနိုင်ငံများသို့ ရောက်ရှိစဉ် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းသည် ဥရောပသမဂ္ဂပါလီမန်ဥက္ကဋ္ဌ အပါအဝင် ဥရောပကောင်စီဥက္ကဋ္ဌ၊ ဥရောပသမဂ္ဂ ကော်မရှင်ဥက္ကဋ္ဌ၊ ဥရောပသမဂ္ဂ နိုင်ငံခြားရေးနှင့်လုံခြုံရေးဆိုင်ရာအကြီးအကဲ၊ သက်ဆိုင်ရာနိုင်ငံများမှ ပါလီမန်ဥက္ကဋ္ဌများ၊ ဒုတိယဥက္ကဋ္ဌများ၊ ကော်မတီဥက္ကဋ္ဌများ၊ သက်ဆိုင်ရာနိုင်ငံများမှ အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ တာဝန်ရှိသူများနှင့်တွေ့ဆုံခဲ့ရာတွင် အောက်ပါအတိုင်း တွေ့ဆုံဆွေးနွေးခဲ့ကြသည်။ ယင်းသို့ တွေ့ဆုံဆွေးနွေးရာတွင် -

မြန်မာနိုင်ငံ၏ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို အားရကျေနပ်မှုရှိပြီး ကြိုဆိုပါကြောင်း၊ ဆက်လက်ပြီး နိုင်ငံရေးပြုပြင်ပြောင်းလဲမှုများကို ထောက်ခံအားပေးကူညီသွားမည်ဖြစ်ပါကြောင်း၊ နိုင်ငံရေးအကျဉ်းသားများ ဆက်လက်၍ ပြန်လွှတ်ပေးရန် မျှော်လင့်ပါကြောင်း၊ တိုင်းရင်းသားများအရေးနှင့် ပြည်တွင်းငြိမ်းချမ်းရေး အကောင်အထည်ဖော်ဆောင်ရွက်မှုများအား ကူညီထောက်ပံ့ပေးသွားမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုတွင် နိုင်ငံတော်သမ္မတနှင့် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌတို့၏ ခေါင်းဆောင်မှုများကို ချီးကျူးဂုဏ်ပြုပါကြောင်း၊ ပြုပြင်ပြောင်းလဲမှုများသည် မျှော်မှန်းထားသည်ထက် မြန်ဆန်လွန်း၍ ဆက်လက်ဖော်ဆောင်မှုများအပေါ် သံသယနှင့် စိုးရိမ်မှုများရှိကြောင်း၊ စိန်ခေါ်မှု အခက်အခဲများရှိလာနိုင်ကြောင်း၊ မည်သို့ပင်ဖြစ်စေ ကူညီထောက်ပံ့မှုများ ပြုလုပ်ပေးသွားမည်ဖြစ်ကြောင်းပြောကြားရာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြုပြင်ပြောင်းလဲမှုများနှင့် ပတ်သက်၍ မည်သို့မှ နောက်ကြောင်းပြန်လှည့်ရန်မရှိကြောင်း၊ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံအဖြစ် ထူထောင်ရန် ယခင်အစိုးရလက်ထက်ကပင် ဘက်ပေါင်းစုံစဉ်းစားပြီး ပြည်ထောင်စု၊ နိုင်ငံနှင့် နိုင်ငံသားများအကျိုးအတွက် ခိုင်မာစွာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်ပါကြောင်း၊ ယခုအခါတွင်လည်း ပြည်သူတစ်ရပ်လုံးမှ ဒီမိုကရေစီစနစ်သာလျှင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် တစ်ခုတည်းသောစနစ်ဖြစ်ကြောင်းကို ယုံကြည်လက်ခံထားကြောင်း၊ ယနေ့ ကမ္ဘာတွင် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်နေသော နိုင်ငံများမှာ ဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ်ကို သူ့နည်းသူ့ဟန် သူ့ပုံစံဖြင့် ကျင့်သုံးနေကြသည်ကို လေ့လာတွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည်လည်း မိမိနိုင်ငံ၏ သမိုင်းကြောင်း၊ ယဉ်ကျေးမှု၊ ရေမြေသဘာဝပတ်ဝန်းကျင်၊ အမျိုးသားစရိုက်လက္ခဏာများနှင့်အညီ ဆီလျော်ကောင်းမွန်သောစနစ်ကို အကောင်အထည်ဖော်ဆောင်ကျင့်သုံးနေပြီဖြစ်သည်ကို ပြောကြားလိုကြောင်း၊ ယခုကဲ့သို့ ဆောင်ရွက်ရာတွင် အခက်အခဲများ၊ စိန်ခေါ်မှုများရှိလာနိုင်ပြီး ရည်မှန်းချက်ကို လွယ်လွယ်ဖြင့် ရောက်ရန် မဖြစ်နိုင်သည်ကိုလည်း မျှော်လင့်ထားကြပါကြောင်း၊ မည်သို့ပင်ဆိုစေ နိုင်ငံတော်နှင့် နိုင်ငံသားများ၏ အကျိုးစီးပွားအတွက် မဖြစ်မနေ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ နိုင်ငံသားများအတွက် ဆောင်ရွက်ရာတွင် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေး၊ ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးတို့သည် ကမ္ဘာ့နိုင်ငံအသီးသီး၏ လိုလားချက်များဖြစ်၍ ကမ္ဘာ့နိုင်ငံအသီးသီးကလည်း မှန်ကန်စွာ နားလည်လက်ခံကြပြီး အပြုသဘောဆောင်သော ထောက်ခံအားပေးမှု၊ ကူညီမှုများရှိကြရန်လိုပါကြောင်း၊ မိမိတို့၏ ကြိုးပမ်းအားထုတ်မှုများကို ကြိုဆိုထောက်ခံအားပေးကူညီမှုများရှိနေကြကြောင်း ကြားသိရ၍ ဝမ်းမြောက်ဂုဏ်ယူပါကြောင်း၊ မိမိတို့နိုင်ငံ နိုင်ငံသားများအနေဖြင့်လည်း ဒေသတွင်း တည်ငြိမ်ရေး၊ လုံခြုံရေး၊ ကမ္ဘာ့ငြိမ်းချမ်းရေးအတွက် ကမ္ဘာ့နိုင်ငံအသီးသီးနှင့် လက်တွဲဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သော အချိန်ကာလများက မြန်မာနိုင်ငံသည် ဥရောပနိုင်ငံများ၊ ကမ္ဘာ့နိုင်ငံများနှင့် ဆက်ဆံရေးလျော့နည်းကျဆင်းခဲ့ကြောင်း၊ ပုံမှန်ဆက်ဆံရေးပင် မပြုလုပ်နိုင်ခဲ့ခြင်းသည် ဝမ်းနည်းဖွယ်ရာဖြစ်ကြောင်း၊ ယင်းအခြေအနေတို့အား သင်ခန်းစာယူ၍

မှုသာရှိပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှု မပြုလုပ်ပါက အောင်
ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုစီးပွားရေးအခြေအနေမျ
မြန်မာနိုင်ငံသည် နိုင်ငံရေးပထဝီဝင်အရ အရေးကြီးသော
ပေါကြွယ်ဝသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအခြေအနေကော
အထူးကောင်းမွန်သော အခွင့်အလမ်းများရှိသဖြင့် အကျိုးတူပူး
ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီ
အပိုင်းတွင် ခေတ်စနစ်နှင့် လျော်ညီအောင် လက်တွေ့လိုက်န
ယင်းဥပဒေများအား လိုက်နာကျင့်သုံးရေးကိစ္စကိုလည်း အ
အသေးမြင့်မားရေးအတွက် အပြန်အလှန်လည်ပတ်ရေး၊
ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်
သမ္မတ ဂျာမနီနိုင်ငံသို့ ရောက်ရှိသည့်ကာလအတွင်း မေ ၇
(HSF) ဥက္ကဋ္ဌ Prof. Dr. h.c . mult. Hans Zehtmair
Siemens AG ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Stephan Sch

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခရီးစဉ်အတွင်း
ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မေ ၁၈ ရက် နံနက် ၈ နာရီခွဲ
များနှင့်လည်းကောင်း၊ မေ ၂၂ ရက် နံနက် ၁၀ နာရီတွင်
စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ မေ၂၃ ရက် ထို
dustrial Estate သို့ သွားရောက်၍ စက်မှုဇုန်တည်ထော

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ

ပုံမှန်ဆက်ဆံရေးမှသည် အကျိုးတူပူးပေါင်းဆောင်ရွက်ရေးအတွက် ရည်မှန်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲမှုများသည် အတော်အတန် ခရီးရောက်နေပြီဖြစ်သော်လည်း စီးပွားရေးပြုပြင်ပြောင်းလဲမှုများကိုလည်း ယှဉ်တွဲ၍လိုက်ပါဆောင်ရွက်နေရန်လိုကြောင်း၊ နိုင်ငံရေးပြုပြင်ပြောင်းလဲ

ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ နိုင်ငံ
ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမော
ကော်မတီဥက္ကဋ္ဌ ဦးဌေးမြင့်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင
ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနုနှင့် တာဝန်ရှိသူများလ

မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်

နေပြည်တော် မေ ၂၄

ယနေ့နံနက် ၉နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ဧရာဝတီတိုင်းဒေသကြီးတွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းဒေသကြီး အထက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ နေ့အပူအချိန်များမှာ စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ ချင်းပြည်နယ်တွင် မေလ၏ပျမ်းမျှအပူချိန်ထက် ၆ ဒီဂရီစင်တီဂရိတ်ပိုခဲ့ပြီး ကရင်ပြည်နယ်တွင် မေလ၏ပျမ်းမျှအပူချိန်အောက် ၄ ဒီဂရီစင်တီဂရိတ်လျော့နည်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မေလ၏ပျမ်းမျှအပူချိန်ခန့်သာရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၂၅ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် အလင်းတန်းစာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်နှင့်အဖွဲ့က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ဆွေးနွေးဟောပြောစဉ်။

(ဝ၄၄)

စစ်တွေ
ရ

စာပေ
လူမျိုး

မှုသာရှိပြီး စီးပွားရေးပြုပြင်ပြောင်းလဲမှု မပြုလုပ်ပါက အောင်မြင်သော နိုင်ငံရေးစနစ်မဖြစ်နိုင်သည်ကို သတိပြုမိပါကြောင်း၊ ထို့ကြောင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုစီးပွားရေးအခြေအနေများကို အတူတကွ ယှဉ်တွဲဆောင်ရွက်သွားရန် လိုပါကြောင်း၊ မြန်မာနိုင်ငံသည် နိုင်ငံရေးပထဝီဝင်အရ အရေးကြီးသောနေရာတွင် တည်ရှိပြီး သဘာဝသယံဇာတအရင်းအမြစ်များ ပေါကြွယ်ဝသည့် နိုင်ငံဖြစ်၍ ရင်းနှီးမြှုပ်နှံမှုအခြေအနေကောင်းများရှိသကဲ့သို့ စီးပွားရေးနှင့် ကုန်သွယ်ရေးတိုးမြှင့်သွားရန် အထူးကောင်းမွန်သော အခွင့်အလမ်းများရှိသဖြင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်နိုင်ပါကြောင်း၊ ဤသို့ဆောင်ရွက်ရာတွင် လွှတ်တော်များ၏ အခန်းကဏ္ဍသည်လည်း အရေးကြီးပါသဖြင့် လွှတ်တော်၏ အဓိကတာဝန်ဖြစ်သော ဥပဒေပြုရေးအပိုင်းတွင် ခေတ်စနစ်နှင့် လျော်ညီအောင် လက်တွေ့လိုက်နာဆောင်ရွက်နိုင်သည့် ဥပဒေများ အလျင်အမြန်ဖြစ်ထွန်းရေးနှင့် ယင်းဥပဒေများအား လိုက်နာကျင့်သုံးရေးကိစ္စကိုလည်း အလေးထားဆောင်ရွက်လျက်ရှိပါကြောင်း၊ လွှတ်တော်များ အရည်အသွေးမြင့်မားရေးအတွက် အပြန်အလှန်လည်ပတ်ရေး၊ လေ့လာရေး၊ အတွေ့အကြုံဖလှယ်ရေးလုပ်ငန်းများကိုလည်း ဆက်လက်ဆောင်ရွက်သွားကြရန် ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖွဲ့သည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံသို့ ရောက်ရှိသည့်ကာလအတွင်း မေ ၇ ရက် နံနက် ၉ နာရီခွဲတွင် Hans Seidel Foundation (HSF) ဥက္ကဋ္ဌ Prof. Dr. h.c . mult. Hans Zehtmair နှင့် တွေ့ဆုံဆွေးနွေးသည်။ ထို့နောက် ညနေ ၃ နာရီတွင် Siemens AG ကုမ္ပဏီ ဒုတိယဥက္ကဋ္ဌ Mr. Stephan Schneider က ကုမ္ပဏီနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ထို့ပြင် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၏ ခရီးစဉ်အတွင်း အဖွဲ့ဝင်အဖြစ်လိုက်ပါလာသည့် ပြည်သူ့လွှတ်တော်ကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် မေ ၁၈ ရက် နံနက် ၈ နာရီခွဲတွင် လန်ဒန်မြို့ရှိ Standard Charter Bank မှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ မေ ၂၂ ရက် နံနက် ၁၀ နာရီတွင် ဒိန်းမတ်နိုင်ငံ Confederation of Danish Industry မှ စီးပွားရေးလုပ်ငန်းရှင်များနှင့်လည်းကောင်း၊ မေ၂၃ ရက် ထိုင်းနိုင်ငံသို့ ခေတ္တရောက်ရှိစဉ် ထိုင်းနိုင်ငံ Amata City Industrial Estate သို့ သွားရောက်၍ စက်မှုဇုန်တည်ထောင်ထားရှိမှုကိစ္စရပ်များကို လေ့လာတွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်အတူ အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော် စီမံကိန်းများနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်မှုကော်မတီဥက္ကဋ္ဌ ဦးစိုးသာ၊ နိုင်ငံတကာဆက်ဆံရေးကော်မတီဥက္ကဋ္ဌ ဦးလှမြင့်ဦး၊ စီးပွားရေးနှင့် ကုန်သွယ်လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်သိမ်း၊ ရင်းနှီးမြှုပ်နှံမှုနှင့် စက်မှုလက်မှုဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးငွေးမြင့်၊ တိုင်းရင်းသားရေးရာနှင့် ပြည်တွင်းငြိမ်းချမ်းရေး ဖော်ဆောင်မှုကော်မတီအတွင်းရေးမှူး ဒေါ်ဒွဲဘူ၊ ဥပဒေကြမ်းကော်မတီဝင် ဒေါ်နန်းဝါနုနှင့် တာဝန်ရှိသူများလည်း ပြန်လည်လိုက်ပါလာခဲ့ကြသည်။ **(သတင်းစဉ်)**

မှတ်တမ်းဓာတ်ပုံရိုက်

ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ခေါင်းဆောင်သော အဖွဲ့နှင့် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး Dr. Guido Westerwelle နှင့် တွေ့ဆုံဆွေးနွေးအပြီး မှတ်တမ်းဓာတ်ပုံရိုက်ကြစဉ်။

(သတင်းစဉ်)

ပုသိမ်-မုံရွာလမ်းပေါ်ရှိ ရွှေစမ်းချောင်းတံတား မကြာမီဖွင့်လှစ်တော့မည်

သတင်းဆောင်းပါးနှင့်ဓာတ်ပုံ ရန်ကြီးအောင်

ဆောက်လုပ်ရေးဝန်ကြီးဌာနပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း တံတားဆောက်လုပ်ရေးစီမံကိန်းအထူးအဖွဲ့(၇) က တာဝန်ယူဆောက်လုပ်ခဲ့သည့် ရွှေစမ်းချောင်းတံတားကြီးမှာ တည်ဆောက်ပြီးစီးသွားပြီဖြစ်၍ မကြာမီ ဖွင့်လှစ်တော့မည်ဖြစ်ကြောင်း သိရှိရသည်။

တံတားကြီးမှာ မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ်အတွင်း တည်ရှိသည်။ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့နှင့် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့တို့ကို ဆက်သွယ်ပေးထားသည့် ပုသိမ်-မုံရွာ လမ်းမကြီး၏ မိုင်တိုင်အမှတ်(၃၄၄/၁) ရှိ ရွှေစမ်းချောင်းကို ဖြတ်သန်းတည်ဆောက်ထားသည်။ ဆိပ်ဖြူ-ကဇွန်းမ-ဆော-ကန်ပက်လက်လမ်းနှင့် ပုသိမ်-မုံရွာလမ်းတို့ ဆုံတွေ့ဖြတ်သန်းသည့် ကဇွန်းမလမ်းဆုံအနီးတွင် ရှိသည်။

ရွှေစမ်းချောင်းမှာ အနောက်ရိုးမမှ ရောဝတီမြစ်အတွင်းသို့ စီးဝင်သည့် တောင်ကျချောင်းကြီး ဖြစ်သည်။ သာမန်အချိန်တွင် ရေမရှိဘဲ သဲများသာရှိသည့် ချောင်းကောကြီးတစ်ခုသာ။ သို့ဖြစ်၍ မော်တော်ယာဉ်များ နွေရာသီတွင် ချောင်းအတွင်းမှ ဖြတ်သန်းသွားလာ၍ရသည်။ သို့သော် မိုးတွင်းကာလ အနောက်ရိုးမတွင် မိုးရွာလျှင်မူ ရေများအရှိန်အဟုန်ဖြင့် စီးဆင်းလာတတ်သဖြင့် ဖြတ်သန်းသွားလာ၍ မရတော့ပေ။ ချောင်းတစ်ဖက်ကမ်းမှနေ၍ ရေအကျကို စောင့်ရသည်။ သာမန်မိုးသာရွာလျှင် သုံး၊ လေးရက်ခန့် စောင့်ရသည်။ မိုးသည်းထန်လျှင်မူ ရက်သတ္တပတ်ခန့် စောင့်ပြီးမှ ဖြတ်ကူးရသည်။ မော်တော်ယာဉ်များ သွားလာမှုကို နှောင့်နှေး ကြန့်ကြာစေသည်။ ထို့ကြောင့် ယာဉ်များ ရာသီမရွေး ဖြတ်သန်းသွားလာနိုင်ရန် အတွက် နိုင်ငံတော်က ဤတံတားကြီးကို တည်ဆောက်ပေးခဲ့ခြင်းဖြစ်ကြောင်း မေးမြန်းသိရှိရသည်။

တံတား တည်ဆောက်ခဲ့မှုနှင့် ပတ်သက်၍ တံတားဆောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၇)မှ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးကျော်သူက "ဒီတံတားကြီးကို ၂၀၁၀ ခုနှစ် အောက်တိုဘာလက စတင်တည်ဆောက်ခဲ့ပါတယ်။ ခု တံတားစီမံကိန်းတစ်ခုလုံး တည်ဆောက်ပြီးစီးပြီဖြစ်လို့ ဖွင့်ပွဲအခမ်းအနားအတွက် ပြင်ဆင်ဆောင်ရွက်နေပါပြီ။ မေ ၂၇ ရက်မှာ တံတားကြီးကို တရားဝင်ဖွင့်လှစ်ပေးတော့မှာပါ" ဟု ပြောကြားသည်။

တံတားကြီးမှာ အရှည်ပေ ၉၀၀ ရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၄ ပေရှိပြီး ယာဉ်သွားလမ်း တစ်ဖက်တစ်ချက်တွင် အကျယ် ၃ ပေ ၆ လက်မရှိ လူသွားလမ်း တစ်လမ်းစီ ပါရှိသည်။

တံတားအမျိုးအစားမှာ ၀ ဒသမ ၈ မီတာအချင်း ဘိုးပိုင်အုတ်မြစ်၊ အောက်ထည်မှာ သံကူကွန်ကရစ် ပိုင်ထိပ်အုပ်၊ တိုင်ကိုယ်ထည်၊ အပေါ်ထည်မှာ သံမဏိသံပေါင်ရက်မ၊ သံကူကွန်ကရစ်ကြမ်းခင်းနှင့် သံပန်းလက်ရန်း ဖြစ်သည်။ တံတားခန်းဖွင့်မှာ ပေ ၉၀ ရှိ အခန်း ၁၀ ခန်းဖြစ်ပြီး ရေလမ်းကင်းလွတ်နယ်မှာ အကျယ် ၇၈ ပေနှင့် အမြင့် ၅ ပေ ဖြစ်သည်။ တံတားခံနိုင်ဝန်မှာ တန် ၆၀ ဖြစ်သည်။

လက်ထောက် အင်ဂျင်နီယာ (မြို့ပြ) ဦးညဏ်ရှိန်က တံတားကြီးမှာ ဆိပ်ဖြူမြို့နယ် သံချောင်းရွာနှင့် မန်ကျည်းစုကျေးရွာကြားတွင် တည်ရှိကြောင်း၊ တံတားတည်ဆောက်ရာတွင် ဌာနကျွမ်းကျင်လုပ်သားများအပြင် အနီးပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံများအား လုပ်သားအဖြစ် ငှားရမ်းဆောင်ရွက်ခဲ့ကြောင်း၊ ပုသိမ်-မုံရွာတိုက်ရိုက်သွားလာသည့် အဝေးပြေး မော်တော်ယာဉ်များအပြင် အနီးပတ်ဝန်းကျင်ရှိ ရှောက်ပင်အင်း၊ ကော်တုံ၊ အိုးထိန်း၊ မြောင်းသစ် စသည့်ကျေးရွာများမှ ချောက်နှင့် ဆိပ်ဖြူမြို့တို့သို့ မော်တော်ယာဉ်များဖြင့် သွားလာရာတွင်လည်း ဤတံတားကြီးကို ဖြတ်သန်းသွားလာနိုင်တော့မည်ဖြစ်ကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

ပုသိမ်-မုံရွာ လမ်းမကြီးကား မြန်မာနိုင်ငံအောက်ပိုင်းရှိ ရောဝတီတိုင်းဒေသကြီး ပုသိမ်မြို့မှ အထက်ပိုင်းရှိ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့သို့ ဆက်သွယ်ထားသည့် လမ်းမကြီးဖြစ်သည်။ စုစုပေါင်းအရှည် ၄၅၀ မိုင် ၅ ဖာလုံရှိသည်။ လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ရောဝတီမြစ်အနောက်ဘက်ခြမ်းရှိ မြို့ရွာများကို ဖြတ်သန်းဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်သည်။ ရောဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့ကို ဖြတ်သန်းသွားသည်။ ရောဝတီအနောက်ခြမ်းဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားသော ရည်ရွယ်ချက်ဖြင့် ဖောက်လုပ်ခဲ့ခြင်း ဖြစ်သည်။ အဆိုပါလမ်းမကြီးကို ၂၀၁၁ ခုနှစ်က အောင်မြင်စွာ ဖွင့်လှစ်ပေးခဲ့ပြီးနောက် ယင်းလမ်းမကြီးမှ တစ်ဆင့် ပုသိမ်-မုံရွာတိုက်ရိုက်သွားလာသည့် မော်တော်ယာဉ်များနှင့် ရောဝတီ အနောက်ခြမ်းဒေသအတွင်း ဆက်သွယ်သွားလာသည့် မော်တော်ယာဉ်များ ဥဒဟိုသွားလာလျက်ရှိသည်။ လမ်းမကြီးပေါ်၌ ရွှေစမ်းချောင်း တံတားကြီး တည်ဆောက်ပေးလိုက်ခြင်းဖြင့် မိုးရွာသွန်းချိန်တွင် ယခင်ကကဲ့သို့ ယာဉ်များအချိန်ကြာမြင့်စွာ စောင့်ဆိုင်းနေစရာမလိုတော့ပေ။

အဆိုပါ လမ်းစီမံကိန်းကြီးမှာ ယခင်နှစ်များစွာကပင် အကောင်အထည်ဖော် တည်ဆောက်ခဲ့သော စီမံကိန်းကြီးဖြစ်သော်လည်း ပြီးစီးအောင်မြင်အောင် ဖောက်လုပ်နိုင်ခြင်း မရှိခဲ့ပေ။

၂၀၁၀ ခုနှစ် မတ် ၃၁ ရက်အထိ လမ်းအခြေအနေမှာ ရောဝတီတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၇၇ မိုင်၊ ကျောက်လမ်း ၂ ဖာလုံ၊ အမာခံလမ်း ၅၉ မိုင် စုစုပေါင်း ၁၃၆ မိုင် ၂ ဖာလုံ၊ ပဲခူးတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၄၃ မိုင် ၄ ဖာလုံ၊ မကွေးတိုင်းဒေသကြီးတွင် ကတ္တရာလမ်း ၈၆ မိုင်၊ ကျောက်လမ်း ၂၃ မိုင်၊ အမာခံလမ်း ၇၉ မိုင်၊ မြေလမ်း ၅၆ မိုင် ၇ ဖာလုံ စုစုပေါင်း ၂၄၄ မိုင် ၇ ဖာလုံ၊ စစ်ကိုင်းတိုင်းဒေသကြီးတွင် ကျောက်လမ်း ၄ ဖာလုံ၊ အမာခံလမ်း ၆ မိုင် ၅ ဖာလုံ၊ မြေသားလမ်း ၁၈ မိုင် ၇ ဖာလုံ စုစုပေါင်း ၂၆ မိုင်ဖြစ်သည်။ လမ်းအရှည် စုစုပေါင်း မိုင် ၄၅၀ ၅ ဖာလုံတွင် ကတ္တရာ လမ်း ၂၀၆ မိုင် ၄ ဖာလုံသာရှိပြီး ကျောက်လမ်း ၂၃ မိုင် ၂ ဖာလုံ၊ အမာခံလမ်း ၁၄၅ မိုင် ၁ ဖာလုံနှင့် မြေလမ်း ၇၅ မိုင် ၆ ဖာလုံရှိသည်။

ယခုအခါတွင်မူကား အဆိုပါ လမ်းမကြီးအား လမ်းအင်္ဂါရပ်ပြည့်မီသော မြေသားတာပေါင်လမ်း အကျယ်ပေ ၄၀ နှင့် ၁၂ ပေအကျယ် ကတ္တရာလမ်းမကြီးအဖြစ် နိုင်ငံတော်က အဆင့်မြှင့်တင်ဖောက်လုပ်ပြီးစီးခဲ့သည့်အပြင် လိုအပ်သည့် တံတားများ၊ ကွန်ကရစ်ရေပြွန်များနှင့် ရေကျော်များကိုလည်း ဖောက်လုပ်ပေးခဲ့သည်။

လမ်းမကြီးမှာ မြန်မာနိုင်ငံ အောက်ပိုင်း၊ အလယ်ပိုင်းနှင့် ချင်းပြည်နယ်အပါအဝင် အထက်ပိုင်းဒေသများအတွက် အဓိက အားထားရာ ကုန်စည်ကူးသန်းသွားလာရာ ရောဝတီမြစ်အနောက်ဘက်ကမ်း၏ မဟာဗျူဟာလမ်းမကြီးအဖြစ် ဖြစ်တည်လျက်ရှိပေပြီ။ ထို့အပြင် ရန်ကုန်-မကွေး-မင်းဘူး-အမ်း-စစ်တွေလမ်းမကြီးနှင့်ချိတ်ဆက်၍လည်း ရခိုင်ပြည်နယ်နှင့် သွားလာဆက်သွယ်၍ ရပေပြီ။ ရောဝတီတံတား(ပခုက္ကူ)အား ဖြတ်သန်းသွားသည့် အိန္ဒိယ-မြန်မာ-ထိုင်း သုံးနိုင်ငံ လမ်းမကြီးမှတစ်ဆင့် အိမ်နီးချင်း နိုင်ငံများဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံတို့သို့လည်းကောင်း၊ မုံရွာ၊ စစ်ကိုင်း၊ မန္တလေးမှတစ်ဆင့် တရုတ်နိုင်ငံသို့လည်းကောင်း ကုန်စည်များ လုံခြုံချောမွေ့လွယ်ကူစွာ ပို့ဆောင်နိုင်ပေပြီ။ ထို့အတူ ဒေသတွင်းရှိ မြို့ရွာများမှ ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးရေးကိုလည်း များစွာထောက်ကူပေးလျက်ရှိသည်။ ရွှေစမ်းချောင်း တံတားကြီး ဖွင့်လှစ်ပြီးပါက ပုသိမ်-မုံရွာ လမ်းမကြီးကို အသုံးပြုနေကြသူများအတွက် သွားလာဆက်သွယ်မှုကို ပိုမိုလျင်မြန်လွယ်ကူလာစေတော့မည် ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။ ။

ရွှေစမ်းချောင်းတံတားကြီးအား တွေ့မြင်ရစဉ်။

များတွင် မိုးပိုလာနိုင်

တို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။

မေ ၂၅ ရက် ညနေအထိခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် နေရာအနှံ့အပြား၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် မြစ်ဝကျွန်းပေါ်၊ မုတ္တမကွေ့၊ မွန်-တနင်္သာရီကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၃၀ မှ ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြစ်ဝကျွန်းပေါ်ဒေသများတွင် မိုးပိုလာနိုင်သည်။

နေပြည်တော်နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျားမိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စစ်တွေမြို့နယ် စာရေးဆရာအသင်း ရန်ပုံငွေလှူဒါန်းပွဲကျင်းပ

စစ်တွေ မေ ၂၄

စစ်တွေမြို့နယ် စာရေးဆရာအသင်း ဆိုင်းဘုတ်တင်ပွဲနှင့် ရန်ပုံငွေပေးအပ်လှူဒါန်းပွဲကို မေ ၂၀ ရက် နံနက် ၉ နာရီက စစ်တွေမြို့ ဆင်ကူးလမ်းရပ်ကွက် ဦးအောင်ဇံဝေလမ်းရှိ အသင်း၏ရုံးရှေ့၌ ကျင်းပရာ အဆိုပါအခမ်းအနားသို့ စစ်တွေခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကျော်စိန်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးထွန်းစိန်အောင်၊ မြို့နယ်စာရေးဆရာအသင်း

အလုပ်အမှုဆောင် အဖွဲ့ဝင်များနှင့် အလှူရှင်များ တက်ရောက်ကြသည်။

ထို့နောက် အလှူရှင်များက ရန်ပုံငွေပေးအပ်လှူဒါန်းကြရာ ဦးသိန်းမောင် (အမေ့ရွာစာကြည့်တိုက်)က ငွေကျပ် ၅၀၀၀၀၊ ကာတွန်းတက်သစ်အောင် (စစ်တွေ)က ငွေကျပ် ၂၀၀၀၀၊ ဦးကျော်စိန် (သားရတနာရွှေဆိုင်)က ငွေကျပ် ၂၀၀၀၀၊ ဖရက်ရှာကွန်ပျူတာ မိတ္တူ(စစ်တွေ)က ငွေကျပ် ၁၀၀၀၀ နှင့် ကိုမင်း(ပန်းလမ်းဗီနိုင်းလုပ်ငန်း)၊ ဦးခင်ဝင်း(အောင်သုခဓာတ်ပုံ၊ ဗီဒီယိုရိုက်ကူးရေး)၊ ပန်းချီရှင်လှ (ဒါရိုက်တာ)လှဓာတ်ပုံ ဗီဒီယိုရိုက်ကူးထုတ်လုပ်ရေး၊ ကဗျာဆရာ ဝတီမြ၊ ဦးညီညီ(လင်းစာပေ)၊ ဦးသိန်းငွေးအောင်(သိန်းငွေးအောင်) တို့က စုစုပေါင်းငွေကျပ် ၁၃၆၀၀၀ကို လှူဒါန်းကြရာ အသင်းဥက္ကဋ္ဌဗဂျီးကျော်(စစ်တွေ)၊ အတွင်းရေးမှူး ဂေါယာမြေစောဝင်းနှင့် ဘဏ္ဍာရေးမှူး စစ်တွေပွင့်လွှာတို့က လက်ခံယူခဲ့ကြောင်း သိရှိရသည်။

(အပေါ်ဝဲပုံ) (မြို့နယ် ပြန်/ဆက်)

ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် ပုဏ္ဏားကုန်းရပ်ကွက် အလင်းတန်းစာကြည့်တိုက်တွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်လှလှမြင့်နှင့်အဖွဲ့က စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် စာဖတ်ရှိန်မြင့်မားရေး ဆွေးနွေးဟောပြောစဉ်။

(၀၄၄)

စာပေမြင့်မှ လူမျိုးတင့်မည်

မှုခင်းသတင်း

(မြန်မာ့အလင်း)

ကျမ်းတုံးခုသည့် ယာဉ်နောက်လိုက်ကို ကြိတ်မိ၍ သေဆုံးမှုအား အရေးယူ

ရန်ကုန် မေ ၂၄

မေ ၁၀ ရက်နေ့ ညနေပိုင်းက ရန်ကုန်တိုင်းဒေသကြီး ရွှေပြည်သာမြို့နယ် (၉)ရပ်ကွက် မဟာမြိုင်လမ်းအတိုင်း သာဓုကန်မှ ရွှေပြည်သာသို့ ညို၀င်း မောင်းနှင်လာသော ၁၇၇ ယာဉ်လိုင်းမှ ယာဉ်အမှတ် ၃ဂ/ . . . . . အဲကွန်းဘတ်စ်အပြာရောင် ခရီးသည်တင်ယာဉ်ကို ဘုရားလမ်းရှိ မီးရထားသံလမ်းဂိတ်အရောက်၌ ယာဉ်နောက်လိုက်ဖြစ်သူ ညီမင်းဦး အသက် ၂၄ နှစ်က ကျမ်းတုံးခုခဲ့ကြောင်း၊ ထိုသို့ကျမ်းတုံးခုစဉ် ညီမင်းဦးအား ကြိတ်မိသဖြင့် ရင်ဘတ်၌ ဒဏ်ရာများရရှိခဲ့ပြီး ရွှေပြည်သာဆေးရုံသို့ တင်ပို့ကုသစဉ် သေဆုံးသွားခဲ့ကြောင်း၊ ယာဉ်မောင်း ညို၀င်းမှာ အခင်းဖြစ်နေရာတွင် ယာဉ်အားထားခဲ့၍ ထွက်ပြေးတိမ်းရှောင်သွားခဲ့ကြောင်း သိရသည်။

သို့ဖြစ်၍ ထွက်ပြေးတိမ်းရှောင်သွားသည့် ယာဉ်မောင်းညို၀င်းအား ရွှေပြည်သာရဲစခန်း(ပ) ၅၇၅/၂၀၁၂ ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၀၄ (က)/၂၀၂တို့ဖြင့် အမှုဖွင့်စုံစမ်းစစ်ဆေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(ဆွေဆွေနိုင်-သတင်းစဉ်)**

ခရီးသည်တင်ယာဉ်လိုင်းများအား စစ်ဆေးရေးအဖွဲ့များ ကွင်းဆင်းစစ်ဆေး

သတင်းခရီးသည်တစ်ဦး

ရန်ကုန် မေ ၂၄

ရန်ကုန်တိုင်းဒေသကြီး မော်တော်ယာဉ်လုပ်ငန်းပေါင်းစုံ ထိန်းသိမ်းရေးကြီးကြပ်မှုဗဟိုကော်မတီသည် ဒေသကြီးအတွင်း ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ် ကင်းရှင်းရေးအတွက် အလေးထားဆောင်ရွက်လျက်ရှိနေကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ယာဉ်လုပ်သားများ၏ အသိစိတ်ဓာတ်တိုးတက်မြင့်မားရေး၊ လုပ်ငန်းကျွမ်းကျင်မှုအထောက်အကူပြုခြင်းတို့အတွက် သင်တန်းများ ပေးလျက်ရှိသည်။ သက်ဆိုင်ရာအဖွဲ့အစည်းများအလိုက် ပညာပေးဆွေးနွေးမှုများ အပြင် မထသ(ဗဟို)အနေဖြင့် ယာဉ်လိုင်းအသီးသီးမှ ယာဉ်လုပ်သားများအား စုစည်း၍တစ်လလျှင်နှစ်ကြိမ်၊ တစ်ကြိမ်လျှင်မွမ်းမံသင်တန်းများ ဖွင့်လှစ်ဆွေးနွေးမှုများ ပြုလျက်ရှိနေကြောင်း သိရသည်။

သင်တန်းတွင် ၎င်းတို့အတွက် အခြေခံစိတ်သဘောထားဆိုင်ရာ သိသင့်သိထိုက်သည့်အချက်များ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုမရှိခြင်းကြောင့် အန္တရာယ်ဖြစ်ပွားရသည့်အကြောင်းအရင်းများ၊ ပြင်ပမှကျွမ်းကျင်မှုပညာရှင်များအား ဖိတ်ကြား၍ ယာဉ်လုပ်သားများအတွက် စီအင်န်ဂျီသဘာဝဓာတ်ငွေ့အကြောင်း သိကောင်းစရာများ၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှု၌ ရှောင်ရန်ဆောင်ရန် အချက်များအကြောင်း စသည်တို့ကို ထည့်သွင်းပညာပေးဆွေးနွေးသင်ကြားပေးနေကြောင်း မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးကပြောကြားခဲ့သည်။

ထိုသို့ ပညာပေးဆွေးနွေးမှုများ ထိရောက်မှုရှိမရှိ လေ့လာနိုင်ရန်အတွက်လည်းကောင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းလိုက်နာမှုအားနည်းနေသေးသည့် ခရီးသည်တင်ယာဉ်လုပ်သားများအား စစ်ဆေးကြပ်မတ်နိုင်ရန်အတွက် လည်းကောင်း၊ ပြည်သူအများ ခရီးသွားလာမှုလမ်းကြောင်း၌ ကြုံတွေ့နေရသည့် အခက်အခဲများကို စစ်ဆေးတင်ပြနိုင်ရန်အတွက်လည်းကောင်း၊ ခရီးသွား ပြည်သူများ၏ သတင်းပေးတိုင်ကြားမှုများကို စစ်ဆေးလေ့လာ ကြပ်မတ်နိုင်ရန်အတွက်လည်းကောင်း၊ စီအင်န်ဂျီသဘာဝဓာတ်ငွေ့အသုံးပြုမှုဆိုင်ရာ ချို့ယွင်းမှုများကို စစ်ဆေးနိုင်ရန်အတွက်လည်းကောင်း၊ မထသ(ဗဟို)၊ မထသ (ရန်ကုန်တိုင်းဒေသကြီး၊ ခရိုင်မထသ)အဖွဲ့အစည်းများ၊ ပါရမီ၊ သန်မြန်သူ၊ ရွှေရန်ကုန် ယာဉ်လိုင်းအဖွဲ့အစည်းတို့မှ တာဝန်ရှိသူများပါဝင်သော အထူးစစ်ဆေးရေးအဖွဲ့ ရှစ်ဖွဲ့တို့မှ ခရီးစဉ်လမ်းကြောင်းရှစ်ကြောင်း သတ်မှတ်လျက် အပတ်စဉ်ကွင်းဆင်းစစ်ဆေးမှုများ ပြုလုပ်ပြီး စစ်ဆေးရေးအဖွဲ့များ၏ တင်ပြချက်များအပေါ် အရေးယူမှု၊ ပြုပြင်မှုပညာပေးမှုများဖြင့် ဆောင်ရွက်လျက်ရှိနေကြောင်းကို မထသ(ဗဟို)၏ မေ ၂၃ ရက်က ပြုလုပ်သော မီဒီယာများနှင့်တွေ့ဆုံပွဲ၌ မထသ(ဗဟို)မှ တာဝန်ရှိသူတစ်ဦးက ပြောပြခဲ့သည်။

မြေနီကုန်းတစ်ဝိုက်တွင် ယာဉ်လိုင်းများစစ်ဆေးရေးအဖွဲ့များက စစ်ဆေးနေစဉ်။

ကြည်နူးဖွယ်ဓာတ်ပုံမြင်ကွင်း

ရှင် ၁၀၈ ပါးရှင်ပြုပွဲ

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတခရိုင် မြန်အောင်မြို့ ပရဟိတမြို့ ရွှေကျောင်းတိုက်တွင် (၂၁)ကြိမ်မြောက် ရှင် ၁၀၈ ပါး ရှင်ပြုပွဲ မေ ၁၉ ရက်က စည်ကားသိုက်မြိုက်စွာ ကျင်းပနေသည်ကို ဤသို့ ကြည်နူးဖွယ် တွေ့မြင်ရသည်။

(မြန်မာ့အလင်း)

တိုက်နယ်ဆေးရုံအဆောက်အအုံ လွှဲပြောင်းပေးအပ်

ကျောင်းကုန်း မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ဝက်ချောင်းတိုက်နယ်ဆေးရုံ အဆောက်အအုံသစ် လွှဲပြောင်းပေးအပ်ပွဲနှင့် အလှူငွေ ပေးအပ်လှူဒါန်းပွဲကို မေ ၂၀ရက် နံနက် ၈နာရီက အဆိုပါဆေးရုံသစ်၌ ကျင်းပရာ ဆေးရုံအဆောက်အအုံသစ်ကို အငြိမ်းစားရွှေ့နေချုပ် သရေစည်သူဦးအေးမောင်၊ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးစန်းမောင်၊ အလှူရှင် ဦးဇော်ဇော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသိန်းအောင်က စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

ထို့နောက်အလှူငွေများပေးအပ်ရာ ဝက်ချောင်းတိုက်နယ် ဆေးရုံတည်ဆောက်ခြင်းအတွက် ငွေကျပ်သိန်း ၄၃၀၀ ကို မက်(စ်)မြန်မာကုမ္ပဏီ ဥက္ကဋ္ဌ ဦးဇော်ဇော်ကလည်းကောင်း၊ အငြိမ်းစား ရှေ့နေချုပ် သရေစည်သူ ဦးအေးမောင်နှင့် ဒေါ်ခင်မြမြ မိသားစုတို့က ငွေကျပ် ၁၂၈ သိန်းကိုလည်းကောင်း၊ ဒေါ်အင်စိန်နှင့် သားသမီးတို့က ဆေးပဒေသာပင်အတွက် ငွေကျပ် သိန်း ၁၀၀၊ ဒေါ်မူစိန်၊ ဒေါ်ကျင်ဝိုင်း၊ ဦးအောင်ဖန်းနှင့် ဇနီး ဒေါ်ခင်ရွှေ မိသားစုက ဆေးပဒေသာပင်အတွက် အလှူငွေများနှင့် အခြားအလှူရှင်များက ငွေကျပ် ၂၆၈ သိန်းကို လှူဒါန်းကြသည်။

ယင်းနောက် တိုက်နယ်ဆေးရုံနှင့် ပတ်သက်သည့်စာရွက်စာတမ်းများကိုအလှူရှင် မက်(စ်)မြန်မာကုမ္ပဏီဥက္ကဋ္ဌ ဦးဇော်ဇော်က ဧရာဝတီတိုင်းဒေသကြီး လူမှုရေး ဝန်ကြီး ဦးစန်းမောင်လက်သို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(ဖ၉၁)**

ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

မိုးမောက် မေ ၂၄

ကချင်ပြည်နယ် ဗန်းမော်ခရိုင် မိုးမောက်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မေ ၂၂ ရက် နံနက် ၁၀ နာရီခွဲက ၂၀၁၂ - ၂၀၁၃ ပညာသင်နှစ် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းသားသမီးများအား ပညာသင်ထောက်ပံ့ငွေပေးအပ်ပွဲ အခမ်းအနား ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညဏ်လှိုင်က အမှာစကားပြောကြားပြီး ဝန်ထမ်းသားသမီး ထက်/လယ်/မူ စုစုပေါင်း ၂၅ ဦးအား အထက်တန်း ငွေကျပ် ၅၀၀၀၊ အလယ်တန်း ငွေကျပ် ၄၅၀၀၊ မူလတန်း ၃၅၀၀ ဖြင့် စုစုပေါင်း ငွေကျပ် ၁၀၁၅၀၀ကို မြို့နယ်အုပ်ချုပ်ရေးမှူးက ပေးအပ်ရာ ကျောင်းသား ကျောင်းသူများက လက်ခံယူကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ဟင်္သာတမြို့နယ်၌ ကွန်ကရစ်လမ်းသစ်ဖွင့်

ဟင်္သာတ မေ ၂၄

ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် ပေါက်တန်းလေးကျေးရွာတွင် အလှူရှင်သမားတော်ကြီး ဦးညဏ်လွင် လှူဒါန်းသော အရှည် ပေ ၂၅၅၀ ရှိ ကွန်ကရစ် လမ်းသစ်ဖွင့်ပွဲကို မေ ၁၃ ရက် နံနက် ၈ နာရီက လမ်းသစ်မုခ်ဦးရှေ့၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စည်ပင်ဝန်ကြီး ဦးကျော်ဝင်းနိုင်နှင့် အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီတို့က အမှာစကားပြောကြားကြသည်။ ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးများဖြစ်ကြသော ဦးကျော်ဝင်းနိုင်၊ ဦးစိုးမြင့်၊ ဦးလှခိုင်နှင့် လမ်းအလှူရှင် သမားတော်ကြီး ဦးညဏ်လွင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး **(အောက်ပုံ)** လမ်းသစ်ကို လှည့်လည်ကြည့်ရှုကြကြောင်း သိရှိရသည်။

(ဝ၇၅)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၄

ခေတ်ဆန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်

မြောင်းမြမြို့နယ် တူးချောင်းကျောင်းစုကျေးရွာအုပ်စု ကန်ရွာကျေးရွာ ခေတ်ဆန်းစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို မေ ၂၀ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်အဆောက်အအုံရှေ့၌ ကျင်းပရာ မြောင်းမြ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်၊ စာကြည့်တိုက်အလှူရှင် ကျေးရွာအုပ်ချုပ်ရေးမှူး မန်းသန်းကြွယ်စိုးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ***(အပေါ်ပုံ)***

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှကြည်က စာကြည့်တိုက်ဖွင့်လှစ်ခြင်းနှင့် ရှင်သန်ခိုင်မာသော စာကြည့်တိုက်များဖြစ်ပေါ်ရေး ဟောပြောဆွေးနွေးကာ အလှူရှင် မန်းသန်းကြွယ်စိုးက စာကြည့်တိုက် ဆောက်လုပ်လှူဒါန်းရခြင်း အကြောင်း ရှင်းလင်းဆွေးနွေးသည်။ ထို့နောက် စာအုပ်စာစောင်များကို အလှူရှင်များက ဆက်လက်လှူဒါန်းရာ စာကြည့်တိုက်တာဝန်ရှိသူများကလက်ခံယူကြသည်။

အဆိုပါ စာကြည့်တိုက်တွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ လှူဒါန်းသော သုတရသဂျာနယ်မျိုးစုံအုပ် ၄၇၀ ရှိကြောင်းနှင့် စာကြည့်တိုက်ကို အလှူရှင် မန်းသန်းကြွယ်စိုးနှင့် ကျေးရွာပြည်သူများထည့်ဝင်ငွေ ကျပ် ၁၄ သိန်း ဖြင့် အလျား ၂၇ပေ၊ အနံ ၂၄ပေ၊ အမြင့် ၁၁ပေရှိ ကွန်ကရစ်ခင်း၊ သွပ်မိုး အဆောက်အအုံ ဆောက်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့်စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်လှူဒါန်းပွဲ သဲကုန်း၌ ကျင်းပ

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် သဲကုန်းမြို့နယ် အင်းပေါ်ငယ်ကျေးရွာတွင် လမ်းပြကြယ် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ် စာစောင်အလှူငွေ လှူဒါန်းပွဲကို မေ ၁၄ ရက် နံနက် ၉ နာရီက အဆိုပါ စာကြည့်တိုက်ရှေ့၌ကျင်းပရာ ဆရာတော် ဦးဝိလာသ၊ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းနှင့်ကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူး ဦးဌေးလွင်တို့က အဆောက်အအုံသစ်ကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

အခမ်းအနားတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းက စာကြည့်တိုက် ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်း ပြောကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးစိုးအောင်က ငွေကျပ် နှစ်သောင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးနိုင်လင်းက မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းကိုယ်စား သုတ ရသ စာအုပ် စာစောင် အုပ် ၈၀၊ အခွန်ဦးစီးမှူး ဦးဇော်ဝင်းထွန်းက တိုင်ကပ်နာရီတစ်လုံးနှင့် စာအုပ်စာစောင် အုပ် ၅၀၊ ကုန်သွယ်/လယ်ယာ မန်နေဂျာ ဦးအောင်သိန်းက ငွေကျပ် ငါးထောင်၊ သစ်တောဦးစီးမှူး ဦးကျော်မင်းသန့်က ငွေကျပ်ငါးထောင်နှင့် စာအုပ် စာစောင် အုပ် ၅၀ တို့ကို ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင် အသင်းဝင်များ မလေးရှားနိုင်ငံသို့ ထွက်ခွာ

ရန်ကုန် မေ ၂၄

မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့တွင် မေ ၂၄ ရက်မှ ၂၈ ရက်အထိ မလေးရှားနိုင်ငံ (၄)ကြိမ်မြောက်လူငယ်အစီအစဉ်ဖြင့် ကျင်းပသည့် Young Awareness on Climate Change တက်ရောက်ရန်အတွက် မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အသင်းဝင်များဖြစ်ကြသည့် ဒေါက်တာ သဲမြတ်စိုး၊ ဒေါ်ခင်မျိုးသော်၊ ဒေါ်ဖြူလွင်သန့်တို့သည် မေ ၂၄ ရက် မွန်းလွဲပိုင်းက လေကြောင်းခရီးဖြင့် ထွက်ခွာသွားရာ မြန်မာအမျိုးသမီးစီးပွားရေးစွမ်းဆောင်ရှင်များအသင်းမှ အလုပ်အမှုဆောင် အဖွဲ့ဝင်များဖြစ်ကြသည့် ဒေါ်မြတ်သန္တာ၊ ဒေါ်စန်းမြင့်၊ ဒေါက်တာ ယုန္တယ်ဝင်း၊ ဒေါ်ခင်ကြူကြူသန်းတို့က ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သိရှိရသည်။ **(အောက်ပုံ)** **(မြန်မာ့အလင်း)**

မီးပိုမီး အခြားမီး သုံးပြီးသတိ အမြဲရှိ

25-5 (10).pmd 1 5/25/2012, 1:53 AM

ရွှေထုတ်လုပ်မှုလုပ်ငန်း၊ လုပ်ကိုင်သည့် ကုမ္ပဏီများအတွက် သတိပေးကြော်ငြာချက်

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်းနှင့် ထုတ်လုပ်မှုအပေါ် ခွဲဝေခံစားသည့် စနစ်ဖြင့် ရွှေသတ္တုအသေးစား ထုတ်လုပ်မှုလုပ်ငန်းအား စာချုပ်ချုပ်ဆို လုပ်ကိုင်ခဲ့ကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ရွှေသတ္တုအသေးစားတူးဖော်ရေးလုပ်ငန်း ဆောင်ရွက်နေသည့် ကုမ္ပဏီများသည် ၂၀၀၇-၂၀၀၈ ဘဏ္ဍာရေးနှစ်မှ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ပေးသွင်းရမည့် (၁၄)ပဲရည်နှင့်အထက် ရွှေစင်သတ္တုများ သတ်မှတ်ချက်အတိုင်း ပေးသွင်းရမည်ထက် လျော့နည်းပေးသွင်းခြင်း၊ လုံးဝပေးသွင်းမှု မရှိခြင်းတို့ကြောင့် နိုင်ငံတော်သို့ရွှေစင်သတ္တုများပေးသွင်းရန် ကျန်ရှိနေကြောင်း ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှ အကြောင်းကြားခဲ့ပါသည်။ အလားတူ ၂၀၁၁-၂၀၁၂ ဘဏ္ဍာရေးနှစ်အတွက် လုပ်ငန်းစာချုပ်ပါ သဘောတူညီချက်များအတိုင်း နိုင်ငံတော်သို့ ပေးသွင်းရမည့်(၁၆)ပဲရည် ရွှေစင်သတ္တုများကို ပေးသွင်းရန် အချို့သောကုမ္ပဏီများမှ ကျန်ရှိနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၂။ ကုမ္ပဏီများအနေဖြင့် အထက်ပါ ဘဏ္ဍာရေးနှစ်များအတွင်း လုပ်ငန်းသဘောတူစာချုပ်ပါ သတ်မှတ်ထားသည့် ရွှေစင်သတ္တုများ အပြည့်အဝပေးသွင်းရန် တာဝန်ရှိသည့်အလျောက် အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ အထွေထွေမန်နေဂျာရုံးနှင့် တာဝန်ခံရုံးများမှ အကြိမ်ကြိမ်နှိုးဆော်အကြောင်းကြားခဲ့သော်လည်း ကုမ္ပဏီများမှ နိုင်ငံတော်သို့ပေးသွင်းရမည့် ရွှေစင်သတ္တုများအား ၁၈-၅-၂၀၁၂ရက်အထိ ပေးသွင်းခြင်းမရှိကြောင်း တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ ၂၄-၅-၂၀၁၂ ရက်မှ ၃၀-၅-၂၀၁၂ ရက်အတွင်း အောက်ပါ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ကုမ္ပဏီများသည် ပေးသွင်းရန်ကျန်ရှိသည့် ရွှေစင်သတ္တုများအား အပြီးပေးသွင်းသွားရန်နှင့် ပေးသွင်းခြင်းမရှိပါက တည်ဆဲတရားဥပဒေများ၊ လုပ်ငန်းစာချုပ်တွင် ပါရှိသည့် စည်းကမ်းသတ်မှတ်ချက်များအတိုင်း အရေးယူ ဆောင်ရွက်သွားမည့်အပြင် သက်ဆိုင်ရာ ကုမ္ပဏီနှင့် လူပုဂ္ဂိုလ်များအား အမည်ပျက်စာရင်း (Black List) ကြေညာသွားမည်ဖြစ်ကြောင်း အသိပေး ကြော်ငြာအပ်ပါသည်။

ကချင်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကံကောင်းသောပဒုမ္မာ	ဦးလှထူး	၂၈.၅၀
၂	ကမ္ဘာ့ခြေလှမ်း	ဦးဘောက်ဆိုင်း	၂၀.၀၀
၃	ကြယ်ဝါ	ဦးဂျာဂွန်း	၃၄.၅၀
၄	ကျောက်စိမ်းဘုရင်	ဒေါ်ဂျာဘူး	၁၃.၃၈
၅	ကောင်းမြတ်ပြည့်စုံ	ဦးဇော်လိ	၁၉.၃၈
၆	ခင်ရတနာအောင်	ဦးဝင်းမြင့်ဆွေ	၂၃၉.၆၉
၇	ခရအိမ်	ဒေါ်ယိမ်းနမ်	၄၂.၅၀
၈	ချမ်းမြွေ	ဦးကျော်စိုး	၄၁.၂၅
၉	ဂျာရူဂေါင်း	ဦးချန်ခေါ	၂၈.၇၅
၁၀	ဂျိတ်လင်း	ဦးရွက်ဇော်ခေါင်း	၂၃၀.၈၁
၁၁	စဉ်ကြိုင်	ဒေါ်ခေါင်းနော်	၂၁.၂၅
၁၂	စိုပြေအောင်	ဦးရုံစိန်	၃၀.၆၃
၁၃	စိမ်းမြတ်မွန်	ဦးစိုးနိုင်	၁၅.၉၄
၁၄	ဆွေရတနာ	ဒေါ်လှဲလှဲဆွေ	၉၂.၈၁
၁၅	ဇေယျာလှိုင်	ဦးတင်ဝင်း	၅၄.၃၈
၁၆	တွယ်ဆန်	ဦးဇော်ဝင်း(ခ)ဦးပဲအောင်	၃၅.၃၁
၁၇	တိမ်နဂါးနစ်ကောင်	ဦးချင်းဖာ	၇၉.၁၃
၁၈	ထက်ကောင်းကျော်	ဦးယဉ်ထွေး	၂၂၄.၇၅
၁၉	ထွန်းတင့်ရွှေဝါ	ဦးတင်ဦးမောင်	၂၀.၆၃
၂၀	ထက်ဝေဖြိုး	ဦးအောင်လ	၃၂.၈၁
၂၁	ထွန်းလဲ့ခိုင်	ဦးတင်မောင်ညွန့်	၂၃.၄၄
၂၂	ထွန်းထွန်းအောင်	ဦးအောင်နိုင်ဦး	၂၈.၁၃
၂၃	ထင်ပေါ်ကျော်ကြား	ဦးထွန်းလင်း	၁၄၇.၄၄
၂၄	နမ့်နာစံပြ	ဦးနေလင်းဦး	၄၀.၀၀
၂၅	နော့သင်းစတား	ဦးမြင့်သိန်း	၃၃.၂၈
၂၆	ပင်လယ်နေကြယ်	ဦးခမိုင်မုံဂမ်း	၃၃၀.၆၃
၂၇	ပန်းမြတ်မာလာ	ဒေါ်ခေါ်မိုင်	၄၉.၅၆
၂၈	ဖြိုးဝေသီရိ	ဦးတင့်ဆွေ	၉၆.၁၃
၂၉	မြောက်ပိုင်းသရဖူ	ဦးမိုးကျော်သူဆွေ	၂၅.၇၅
၃၀	မြန်မာနွယ်ဝင်း	ဦးဝင်းနိုင်	၄၀.၉၄
၃၁	မြန်မာအောင်မိုးဟိန်း	ဦးအောင်လှ	၁၅.၀၀
၃၂	မြောက်ပိုင်းတော်ဝင်မြေ	ဦးပါးရိုင်အောင်	၂၁.၇၅
၃၃	မြန်မာမိုးသောက်ကြယ်	ဦးတူးဂျာ	၁၄.၀၉
၃၄	မိုးသောက်ကြယ်မင်း	ဦးအောင်အောင်ဦး	၁၈.၄၄
၃၅	မြန်မာရွှေရတနာဟိန်း	ဦးမျိုးခင်	၉.၃၈
၃၆	မြန်မာကံ့ကော်	ဒေါ်အေးအေးဝင်း	၅၉.၁၉
၃၇	မြန်မာရွှေရတနာ	ဒေါ်ထူးရော်	၉၃.၀၀
၃၈	မိုးသောက်ကြယ်သစ်	ဦးခွန်စည်သူသွင်	၃၂.၈၁
၃၉	မြကိုးသွယ်	ဒေါ်ဟောမာ	၃၁.၅၀
၄၀	မြန်မာစံတော်ဝင်	ဦးသန်းနိုင်	၁၁၄.၃၁
၄၁	မင်းသိန်းကြီး	ဦးမောင်အေး	၂၄.၃၈
၄၂	မင်းမင်းမော်	ဒေါ်စန်းမြင့်မော်	၄၆.၅၀
၄၃	မနောရတနာ	ဦးမြင့်ဇော်	၃၄.၆၉
၄၄	ရွှေပစ်မှတ်	ဦးဖုန်းကျော်စိုး	၅၁.၉၆
၄၅	ရွှေပြည့်ဖြိုး	ဦးစက်မောင်	၂၆.၂၅
၄၆	ရွှေချစ်သူ	ဦးအေးသောင်း	၃၆.၈၁
၄၇	ရွှေခြူးသံသာ	ဦးငွားဝ	၈၀.၇၂
၄၈	ရွှေအောင်မိုင်	ဦးအောင်တူး	၁၈၁.၉၁
၄၉	ရွှေထူး	ဦးငွေး	၃၂.၈၁
၅၀	ရှင်ဗွေယန်တိုးတက်ရေး	ဦးဇော်ထွန်းအောင်	၁၂၃.၃၄
၅၁	ရွှေရတနာစိုး	ဦးစိုးမြင့်ထွန်း	၂၆.၂၅
၅၂	ရတနာဂုဏ်ဆောင်သုံးပန်လှ	ဦးကျော်ကိုကို	၇.၅၀
၅၃	ရွှေရတနာရွှေ	ဦးဉာဏ်လင်းထွန်း	၃၉.၀၆
၅၄	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၇.၅၀
၅၅	ရွှေရာသီ	ဦးကျော်ငွေး	၁၀၄.၅၀
၅၆	ရွှေတီထိုက်	ဦးဇော်မင်းထိုက်	၁၈.၇၅
၅၇	ရွှေဝင်းထက်	ဦးသက်နိုင်ကို	၇၀.၆၃
၅၈	ရွှေလရိပ်	ဦးကျော်ကိုကို	၁.၈၈
၅၉	ရွှေသိုက်စံ	ဒေါ်သီရိပြည့်	၃၂.၅၀
၆၀	ရှင်းသန့်ချမ်းသာ	ဦးခင်မောင်	၃၂.၁၃
၆၁	ရွှေပါရမီ	ဦးစောအေးချမ်း	၁၇.၃၈
၆၂	ရွှေခိုဝိုင်း	နန်းဆီဆိုင်လုမိုင်	၂၂.၅၀
၆၃	ရွှေပြည်စကြာ	ဒေါ်စောစန္ဒာမြင့်	၁၉.၆၉
၆၄	ရွှေသပြေအောင်	ဦးမိုးခိုင်	၂၅.၄၄
၆၅	ရက္ခမူ	ဒေါ်အေးမြအောင်	၁၁.၀၀
၆၆	ရွှေဝန်ပေါင်	ဒေါ်တောင်နွယ်	၁၅.၃၁
၆၇	ရွှေဝင်းဝါရွှေ	ဦးတင်ငွေး	၇.၅၀
၆၈	ရွှေဟွ	ဦးချစ်ကို	၂၂.၅၀
၆၉	ရွှေလင်းမာ	ဦးစိုင်းခမ်းလိတ်	၃၃.၃၈
၇၀	ရွှေနှင်းမှုံ	ဦးဇော်စိုင်း	၉.၃၈
၇၁	ရွှေတိုက်စိုး	ဦးအောင်ဇော်မိုး	၉.၈၈
၇၂	ရွှေဇမ္ဗူ	ဦးအောင်လွန်းမောင်	၁.၈၈
၇၃	ရတနာဆုံမှတ်	ဦးစိုင်းကျော်ဝင်း	၅၀.၂၅
၇၄	ရွှေသိဒ္ဓိရှင်	ဦးထွန်းထွန်းလွင်	၁၆.၀၀
၇၅	ရွှေဆည်တော်ဝင်	ဒေါ်စီစီမြင့်	၂၈.၁၀
၇၆	ရောင်ခြည်နဂါး	ဦးအိုက်စန်း	၄၁.၈၈
၇၇	ရွှေတာပိန်	ဦးဉာဏ်သိမ်း	၁၆၆.၂၆
၇၈	ရွှေအသစ်စတင်ချိန်	ဦးမြင့်လွင်	၂၆.၆၆
၇၉	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၂၂.၃၉
၈၀	ရွှေပင်လယ်နတ်သမီး	ဒေါ်မြတ်မြတ်ဆင့်	၂၅.၃၁
၈၁	ရာနှုန်းပြည့်	ဦးတင်ငွေး	၅၂၄.၃၈
၈၂	ရွှေကဝါး	ဦးဆန်းကို	၃.၀၀
၈၃	လက်ရွေးစင်	ဦးယဉ်ကြားသိန်း	၃၉.၈၈
၈၄	လာဘ်မိုးလျှံ	ဦးအေးခိုင်	၁၅.၆၃
၈၅	လေးကျွန်းအောင်လံ	ဦးနေဖြိုးဟန်	၇၁.၇၅
၈၆	ဝေမြင့်စံသာ	ဦးမောင်မောင်မြင့်ဝင်း	၇၂.၃၄
၈၇	ဝင်းအိ	ဒေါ်မာလာဝင်း	၇.၅၀
၈၈	သမုဒ္ဒရာနတ်သမီး	ဦးနေမျိုး	၉၅.၆၃
၈၉	သိန်းထက်လျှန်	ဦးကျော်လင်းနိုင်	၁၀၇.၅၀
၉၀	သတ္တုစိမ်း	ဦးဇော်ဝင်းထွဋ်	၇၃.၁၃
၉၁	သိန်းသန်းသူ	ဦးခင်ဇော်လင်း	၃၄.၇၅
၉၂	ဟိန်းနိုင်စိုး	ဦးချစ်ကို	၁၀၁.၈၁
၉၃	အောင်မြင်ကံကောင်း	ဒေါ်သူသူငြိမ်း	၃၅.၂၅
၉၄	အစိမ်းရောင်နယ်မြေ	ဦးသန့်ကျော်ဇင်	၆၂.၇၅
၉၅	အမေ့ကျေးဇူး	ဒေါ်ဂျာစန်းခွမ်း	၇၅.၁၃
၉၆	အဏ္ဏဝါရွှေစင်	ဦးအေးချို	၃၀.၀၀
၉၇	အံ့ဖွယ်ကမ္ဘာ	ဦးခွန်စည်သူသွင်	၂၆.၂၅
၉၈	အားလက်ရုံး	ဒေါ်ခင်အိအိထွန်း	၁၈.၇၅
၉၉	အောင်သစ်လွင်	ဦးမြင့်ဇော်	၄၅.၆၃
၁၀၀	အောင်ငွေဦး	ဦးသက်နိုင်ဝင်း	၈.၀၀
၁၀၁	အောင်ပွဲဝင်	ဦးလင်းထူး	၈၁.၂၅
၁၀၂	အောင်ဟိန်းရှိန်ဖြိုး	ဦးမျိုးမြင့်ဦး	၉၆.၈၈
၁၀၃	အောင်မြင့်စံ	ဦးအောင်ဆန်းမြင့်	၅၀.၃၁
၁၀၄	အောင်မြင်သူ	ဒေါ်သွယ်သွယ်ငြိမ်း	၄၆.၈၈
	စုစုပေါင်း		၅၈၀၈.၂၇

ကရင်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	ကျော်လွှမ်းမိုး	ဦးကျော်လွှမ်းမိုး	၄၀၂.၅၀
၂	စံပြရွှေ	ဦးဆွေလင်း	၁၉၅.၀၀
၃	မြတ်အိန္ဒြေ	ဒေါ်နန်းနုနုထွေး	၁၁၅၃.၈၁
၄	ယူနိုက်တက် KMK	ဦးခင်မောင်ကျော်	၂၉၂.၅၀
၅	ရွှေကျင်သား	ဦးမြမောင်	၂၂.၅၀
၆	ရတနာမင်း	ဦးနိုင်လင်းထွန်း	၃၂.၅၀
၇	ရာစုနှစ်တောက်ပသောရွှေ	ဦးကျော်သူရ	၃၂.၅၀
၈	အေးကိုမိသားစု	ဦးအေးကို	၆၅၀.၀၀
၉	ဥဒါန်းသစ်	ဒေါ်အိန္ဒြေမြတ်သူ	၃၁၀.၀၀
	စုစုပေါင်း		၃၀၉၁.၃၁

စစ်ကိုင်းတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန် ရွှေစင်(ကျပ်သား)
၁	(၁၁)ခုမြောက်ကြယ်	ဦးစိုးလွင်	၃၉.၂၈
၂	ကဝိမွန်	ဦးလှသွင်	၂၁.၂၁
၃	ကံကောင်းခြင်းထာဝရအားမာန်	ဒေါ်ယမင်းကေခိုင်	၁၇၉.၃၈
၄	ကဠ္ဌနဒေဝီ	ဦးတင်နွယ်	၆၀.၅၅
၅	ကံကောင်းသောအရှေ့	ဦးရင်ရီဘော	၈၁.၆၆
၆	ခုနှစ်နှစ်ခုနှစ်	ဦးတင်ရွှေ	၁၉.၁၄
၇	ခိုင်ရွှေငြိမ်းအေး	ဦးမောင်ခိုင်	၁၀.၇၂
၈	စွမ်းထက်ဝင်း	ဦးအောင်ဆန်းဝင်း	၁၃.၃၈
၉	စိန်ထက်ဝင်း	ဦးငွေးလွင်	၅၂.၆၅
၁၀	စိုးထက်ဝေ	ဦးစိုးနိုင်	၄၅.၄၃
၁၁	စိန်မြလွင်	ဦးစက်လွင်	၄၂၆.၃၃
၁၂	စံရွှေပြည်	ဦးမင်းဇော်	၆၁.၈၂
၁၃	စိမ်းရွှေဝါနဒီ	ဦးဝင်းကျော်	၂၅၀.၉၁
၁၄	စိန်ရွှေဖြူ	ဦးထွန်းထွန်းအောင်	၁၂၈.၈၈
၁၅	စိန်မိုးငွေး	ဦးညိုဆောင်	၇.၅၀
၁၆	ငွေးဝင်းထွန်း	ဦးတင်စိုး	၂၆၈.၂၇
၁၇	ဌာနေအောင်	ဦးမောင်မောင်တိုး	၁၄၂.၅၆
၁၈	ထွန်းရန်နိုင်	ဦးရန်နိုင်	၃၅.၆၄
၁၉	နှင်းရောင်မြေ	ဦးယဉ်ကျော်	၁၇.၉၄
၂၀	ပိုင်စိုးခန့်	ဦးစိန်ဝင်း	၁၆.၀၇
၂၁	ပင်လယ်နေကြယ်	ဦးခမိုင်မုံဂွမ်း	၅၁.၀၅
၂၂	ပြည်တန်ရတနာ	ဦးနိုင်အောင်လင်း	၄၅.၃၈
၂၃	ပန်းမြတ်မာလာ	ဒေါ်ခေါ်မိုင်	၃၂.၆၃
၂၄	ဖြူဝါရောင်ရွှေ	ဦးမြင့်သိန်း	၈၉.၄၇
၂၅	ဗိုလ်သိုင်းနှင့်ညီများ	ဦးသိုင်းဝင်း	၁၀.၈၉
၂၆	ဘူးဂါး	ဒေါက်တာလဂျာ	၁၂၉.၉၈
၂၇	မင်းဝင်းစိုး	ဦးမင်းစိုး	၁၄၄.၆၀
၂၈	မြန်မာစီးပွားဆက်	ဒေါ်စန်းသီတာစိုး	၄၅.၄၅
၂၉	မန္တလေးမိုင်းနင်း	ဦးရှိန်းထက်နောင်	၃၃၅.၁၃
၃၀	မြန်မာရှမ်းကျီလုံ	ဦးအားခမ်း	၁၁.၂၅
၃၁	မူးမြစ်ဖျား	ဦးထိန်ဝင်း	၃၁.၇၂
၃၂	မိုးဟိန်းထွန်း	ဦးငွေးဝင်း	၄၇.၀၇
၃၃	မြန်မာရွှေတံခါး	ဦးစန်းဝင်း	၂၈.၂၃
၃၄	မြန်မာရွှေသီဂီ	ဦးကျင်မောင်	၂၈.၃၂
၃၅	မြန်မာမိုးသောက်ကြယ်	ဦးတူးဂျာ	၁၇.၆၃
၃၆	မိုးကြိုးခြင်္သေ့	ဦးကျော်သူရ	၁၀၁.၀၂
၃၇	မြန်မာထိပ်တန်းရွှေ	ဦးမျိုးထွန်း	၇၅.၀၀
၃၈	မြင့်မြတ်သော တွင်းထွက်ကမ္ဘာ	ဦးဇေယျ	၅၁.၉၆
၃၉	မြန်မာရွှေဝါ	ဒေါ်ခရေမွှန်	၄.၀၀
၄၀	ရောင်ခြည်နဂါး	ဦးအိုက်စန်း	၃၈.၉၅
၄၁	ရှမ်းကတူး	ဦးစန်းလွင်	၃၉၆.၁၆
၄၂	ရတနာချင်းတွင်း	ဦးသိန်းအောင်	၄၂၇.၃၂
၄၃	ရွှေမဲဇာ	ဦးဝင်းအောင်	၃၁.၂၇

စာမျက်နှာ ၁၇ သို့

စာမျက်နှာ ၁၆ မှ

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၄၄	ရွှေစန္ဒီ	ဒေါ်စောကလျာ	၃·၂၈
၄၅	ရွှေတော်	ဦးခင်မောင်သန်း	၂၁·၄၃
၄၆	ရွှေပြည့်လျှံ	ဦးဇော်ဝင်းမောင်	၃၇·၂၉
၄၇	ရွှေစင်ကမ္ဘာ	ဦးဇော်တောင်	၂၆·၇၂
၄၈	ရှင်းသန့်အောင်မြင်	ဦးသက်တင်	၁၁၆·၁၅
၄၉	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၁၄၁·၅၅
၅၀	ရွှေဝတီ	ဦးခင်မောင်ဆွေ	၆၈၆·၈၃
၅၁	ရွှေစင်မိုး	ဒေါ်သိန်းဝင်း	၃၆၉·၂၃
၅၂	ရွှေစေတီဆိပ်	ဦးသောင်းတန်	၂၆၂·၇၆
၅၃	ရွှေနှံ့သာအောင်	ဦးဖေမြင့်	၁၄၁·၇၈
၅၄	ရွှေပြည်စံအောင်	ဦးစံလှမောင်	၁၂·၄၄
၅၅	ရွှေကျော်ထွန်း	ဦးလှမြင့်	၁၄·၂၃
၅၆	ရွှေငုဝါရွှေ	ဒေါ်ရှင်သောင်း	၆၁·၅၉
၅၇	ရွှေဝင်းထွန်းအောင်	ဦးနေဝင်းအောင်	၁၉၃·၂၃
၅၈	ရွှေတောင်ကြား	ဦးကျော်သူရ	၅၈·၂၄
၅၉	ရွှေစင်ဟိန်း	ဒေါ်ဖွေးအိမွန်	၆၄·၅၃
၆၀	ရွှေတက်ရောင်	ဦးကျော်ဝင်းထူး	၂၉·၂၆
၆၁	ရွှေလက်ပံသာ	ဦးရန်ခိုလွန်း	၁၇၂·၄၄
၆၂	ရွှေချင်းတွင်း	ဒေါ်စိုးယုဝေ	၁၀၅·၇၁
၆၃	ရွှေသပြေမိုး	ဦးထွန်းကြည်	၂၉·၃၃
၆၄	ရွှေတိုးတက်အောင်	ဒေါ်အေးအေးသန်း	၁၉·၁၆
၆၅	ရွှေဆွေထွန်း	ဦးထွန်းစီ	၄၉·၀၆
၆၆	ရွှေကျော်မိုး	ဦးကျော်ညွန့်	၁၉·၆၁
၆၇	ရွှေစပါး	ဦးရှင်ဖူး	၁၄၂·၃၉
၆၈	ရွှေစိမ်းမြ	ဦးချိန်းဟိုင်း	၁၂၅·၄၅
၆၉	ရွှေသံတောင်မြောက်ပိုင်း	ဦးကိုကြီး	၈၁·၇၂
၇၀	ရွှေသမာဓိ	ဦးကျော်သူ	၄၃·၃၁
၇၁	ရွှေဝင်းဝင်းထွန်း	ဦးစိန်ဝင်းမောင်	၆·၇၅
၇၂	ရွှေတက်ဟိန်း	ဦးမရမ်ဂန်	၁၀၆·၃၅
၇၃	ရွှေထိပ်ပန်	ဦးငွေးလွင်	၄၈·၇၅
၇၄	ရွှေတိုး	ဒေါ်နန်းလု	၁၅·၅၀
၇၅	ရွှေရောင်ကောင်းသောမိတ်ဆွေ	ဦးကျော်စိုး	၁၄၄·၈၄
၇၆	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၁၀၈·၈၄
၇၇	ရွှေတာပိန်	ဦးဉာဏ်သိန်း	၄၁·၉၈
၇၈	ရွှေပွား	ဦးအိုက်ရီ	၉၃·၄၉
၇၉	ရွှေဥက္ကာပုံ	ဦးဇော်မင်းထွန်း	၇၃·၆၇
၈၀	ရွှေအုပ်စိုး	ဦးသန်းထွဋ်	၅၄·၇၈
၈၁	ရွှေဝင့်ဝါအောင်	ဦးနိုင်ဦး	၈၁·၉၈
၈၂	ရွှေနွဲ့ခမ်း	ဦးအောင်မြင့်	၂၉·၄၄
၈၃	ရွှေမင်းကြီး	ဦးထန်းဖေ	၆၇·၆၁
၈၄	ရွှေမြရိပ်	ဒေါ်စုစုလှိုင်	၁၁၀·၉၃
၈၅	ရွှေငွေးဗမာ	ဦးဝေလွင်ကျော်	၁၄၃·၈၈
၈၆	လင်းလဲ့စိမ်း	ဦးစိုးနိုင်	၁၅၂·၆၁
၈၇	လင်းဖြိုး	ဦးစိုင်းအောင်မြ	၃·၇၅
၈၈	ဝင်းဝါရွှေစင်	ဦးမြင့်ရောင်	၁၇၆·၇၅
၈၉	ဝင်းဇရာဝတီ	ဦးလုတောင်	၁၈၃·၈၁
၉၀	ဝင်းနှင့်ပြည့်ဖြိုး	ဦးခင်ကျော်	၁၈၀·၉၇
၉၁	ဝီရိယစက်မှု	ဦးဇော်ဝင်းသိန်း	၅၅·၂၀
၉၂	ဝိုင်းမြင့်မြတ်	ဦးမြင့်ဝိုင်း	၄၉·၁၇
၉၃	သတ္တုစိမ်း	ဦးဇော်ဝင်းထွဋ်	၁၃၀·၉၃
၉၄	သလ္လာရွှေစင်	ဦးအောင်သိန်းမြင့်	၂၀၀·၂၀
၉၅	သုဝဏ္ဏရာဇာ	ဦးနု	၃၉·၇၄
၉၆	သီဂီရွှေစင်	ဦးအောင်သိန်းမြင့်	၃၆·၂၃
၉၇	သန်းထိုက်လူ	ဦးစန်းဝင်း	၄၂·၃၅
၉၈	သစ္စာမြေ	ဦးဟန်ဝင်းနိုင်	၁၁·၂၅
၉၉	သာလွန်	ဦးသန်းငွေး	၅၈·၂၈
၁၀၀	သီဟသန့်ဟိန်း	ဦးဘိုဘိုကျော်	၂၂·၅၀
၁၀၁	သံမဏိသခင်	ဦးလင်းထင်	၂၉·၀၀
၁၀၂	သီရိအောင်လှိုင်	ဦးသိန်းထွန်းအောင်	၁၀၆·၂၄
၁၀၃	ဟိန်းနိုင်စိုး	ဦးချစ်ကို	၁၀၉·၀၃
၁၀၄	ဟိန်းရာဇာ	ဦးတင်မောင်ဆွေ	၁၁၀·၀၅
၁၀၅	အေးအေးခိုင်	ဦးစိုးနိုင်	၂၅၃·၉၉
၁၀၆	အံ့ဖွယ်ကမ္ဘာ	ဦးခွန်စည်သူသွင်	၁၁၅·၈၆
၁၀၇	အောင်ဇေယျတင်ထွန်း	ဦးခင်မောင်ဝင်း	၃၄·၀၈
၁၀၈	အောင်မြင့်စံ	ဦးအောင်ဆန်းမြင့်	၁၂၉·၄၉
၁၀၉	အောင်သုခလင်း	ဦးဝင်းထက်အောင်	၅၃·၄၀
၁၁၀	အောင်ဖူးပွင့်	ဦးအဲချို(ခ)အောင်သန်းမြင့်	၅၂·၄၂
၁၁၁	အောင်ဇမ္ဗူရာဇ်	ဦးမောင်မောင်လေး	၃၆·၀၀
၁၁၂	အကောင်းဆုံးရွှေ	ဦးသန်းမောင်	၃၀·၄၆
၁၁၃	အာရှအဆင့်မြင့်	ဦးစစ်သွေးမွန်	၆၀·၀၀
၁၁၄	ဧရာဝတီမြစ်ဖျား	ဦးချမ်လန်	၁၀၇·၁၆
၁၁၅	ဧရာရွှေဝါ	ဒေါ်ခင်နှင်းသန္တာ	၂၀·၆၃
	စုစုပေါင်း		**၁၀၈၀၂·၈၃**

တနင်္သာရီတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၁	ရွှေစင်တောင်	ဦးကျော်လွင်	၁၅·၈၃
၂	ရွှေဘုန်းသစ်	ဦးတင်ဇော်လင်း	၄၈·၈၃
	စုစုပေါင်း		**၆၄·၆၆**

ပဲခူးတိုင်းဒေသကြီး

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၁	ခမ်းဝါ	ဒေါ်ရီရီ	၅၅·၁၃
၂	တော်ဝင်ပါရမီ	ဦးသန်းထွဋ်	၁၀·၀၀
၃	မြတ်အိန္ဒြေ	ဒေါ်နန်းနုနုထွေး	၁၂၀·၀၀
၄	မြစိမ်းရောင်ကျွန်း	ဦးကျော်ချစ်ရှိန်	၆·၀၀
၅	ရွှေကျင်သား	ဦးမြမောင်	၁၁၉·၈၀
၆	အေးမြပြည့်စုံ	ဦးစိန်လှိုင်	၂၉၆·၅၇
၇	အောင်မြင်ချမ်းသာ	ဦးစောဘန်နီချစ်	၆၅·၆၃
	စုစုပေါင်း		**၆၇၃·၁၂**

မန္တလေးတိုင်းဒေသကြီး(စဉ့်ကူးမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၁	စိန်ငွေးရွှေ	ဦးစိန်မောင်	၄၅·၀၀
၂	စံဝင်းမိသားစု	ဒေါ်ခင်အုန်းမြင့်	၄၅·၀၀
၃	တောနော်ထူး	ဦးစောမောင်မောင်	၄၀·၀၀
၄	နီလာနှင်းဆီ	ဒေါ်ဝင်းကြွယ်ကြွယ်	၂၀၂·၅၀
၅	မေတ္တာရှင်	ဦးအောင်ကျော်ဝင်း	၃၅·၆၃
၆	ရွှေစစ်သည်	ဦးထွန်းမောင်	၁၀·၃၀
၇	ရွှေကျားမင်း	ဦးဝင်းထိန်	၁၈·၆၉
၈	ရတနာလယ်မြေ	ဦးအောင်ကျော်မြင့်	၃၄၆·၉၂
၉	ရွှေစံပယ်ဦး	ဒေါ်ရှင်ရှင်ရွှေ	၄၀·၈၆
၁၀	ရှာသက်စံ	ဦးခင်ဇော်	၄၅·၀၀
၁၁	ရွှေပြည့်အိမ်	ဦးအောင်ဇင်ဖြိုး	၄၇·၉၆
၁၂	ရွှေဝင်းနိုင်	ဦးသိန်းနိုင်	၅·၆၃
၁၃	သီဂီအောင်	ဦးဖုန်းညွန့်	၃၈·၉၁
၁၄	အရှေ့တိုင်းသား	ဦးသန်းနိုင်	၁၃၁·၂၇
၁၅	Silver Wave	ဦးမင်းမင်းအောင်	၂၉·၉၈
	စုစုပေါင်း		**၁၀၈၃·၆၅**

မန္တလေးတိုင်းဒေသကြီး(ရမည်းသင်းမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၁	ကြယ်ငါးပွင့်	ဦးအိုက်ကျော်	၉၁·၇၆
၂	ကောင်းစက်မှုလက်မှု	ဦးစိုးဦးထိုက်	၆၈·၈၅
၃	ဂျူလိုင်မိုး	ဦးအောင်မျိုးဝင်း	၄၀·၄၃
၄	စူးစမ်းလေ့လာ	ဦးအုမာဖာရွတ်	၃၀·၆၃
၅	စိန်ထီးနန်း	ဦးထွန်းထွန်းဦး	၂၂·၈၈
၆	ဇေယျာလှိုင်	ဦးတင်ဝင်း	၉၇·၅၀
၇	တော်ဝင်ခနေ	ဦးမျိုးမြင့်	၈၆·၇၂
၈	နေရွှေငွေ	ဦးကျော်လွင်	၁·၈၈
၉	ပန်းမြတ်ရာဇာ	ဒေါ်ခင်မာလွင်	၉၀·၅၀
၁၀	ပန်းပွင့်	ဦးဝင်းကြည်	၁၀၅·၉၄
၁၁	မြကျွန်းညိုညို	ဦးကျော်ချစ်ရှိန်	၂၆·၂၅
၁၂	ရွှေရောင်ကောင်းကင်	ဦးမင်းကျော်အောင်	၅၃·၁၃
၁၃	ရွှေ ၂၁ရာစု	ဒေါ်အေးအေးဝင်း	၄၆·၄၁
၁၄	ရာမညအင်တာနေရှင်နယ်	ဦးနိုင်လရီကောင်း	၆၀·၄၇
၁၅	ရွှေရအောင်ပြည့်	ဦးဆန်းဝင်း	၃၅·၃၁
၁၆	ဝင်းမြိုင်	ဦးဝင်းမြိုင်	၂၅·၈၈
၁၇	သိဒ္ဓိရွှေစင်	ဒေါ်ကြည်ကြည်ဝင်း	၄၇·၃၄
၁၈	အေးငြိမ်းမွန်	ဦးမြင့်ဝင်း	၉၂·၃၄
၁၉	အောင်နေလ	ဦးမြင့်သိန်း	၃၄·၆၉
၂၀	အမြဲမှန်	ဦးခွန်ယု	၃၅·၆၃
	စုစုပေါင်း		**၁၀၆၀·၃၅**

မန္တလေးတိုင်းဒေသကြီး(သပိတ်ကျင်းမြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၁	ချိုရဲ	ဦးအေးကျန်	၃၈·၈၁
၂	ဂိုလ်းဝင်းနား	ဦးကျော်စိုး	၁၁·၁၃
၃	စိန်ထီးနန်း	ဦးထွန်းထွန်းဦး	၆၇·၃၈
၄	စိန်ဝါလင်း	ဦးစံလှ	၂၁·၅၇
၅	စိမ်းရတနာ	ဦးအေးကျန်	၁၆·၈၈
၆	ပြည့်ဖြိုးလင်းခိုင်	ဦးဘိုနီ	၂၆·၀၀
၇	ရွှေမြနန္ဒာ	ဦးနိုင်နိုင်ဦး	၃၄·၅၅
၈	ရွှေသီဟမြန်မာ	ဦးစန်းနိုင်	၁၂·၃၉
၉	ရွှေစိမ်းရောင်	ဦးလောက်စန်း	၅၇·၄၈
၁၀	ရှမ်းရိုးမအေးချမ်းရေး	ဦးစိုင်းမွန်	၇·၇၃
၁၁	ရွှေခြသေ့	ဦးကျော်တင်ဝင်း	၃·၇၅
၁၂	ဝေယံဦး	ဦးတင်မျိုးနွယ်	၈၂·၅၀
၁၃	ဟောင်တာ	ဦးဟောင်ဝင်းဟုန်(ခ)ဦးဝင်းဟောင်	၂၀·၅၉
၁၄	အောင်ရွှေငါး	ဒေါ်ရှောက်ထောက်	၁၃·၁၃
	စုစုပေါင်း		**၄၁၃·၈၇**

မန္တလေးတိုင်းဒေသကြီး(သာစည်မြို့နယ်)

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၁	ဆန်းလင်း	ဦးမြင့်ဦး	၂၆·၈၈
	စုစုပေါင်း		**၂၆·၈၈**

မွန်ပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၁	ပန်းပွင့်	ဦးဝင်းကြည်	၂၂·၅၀
၂	မိုးလွင်	ဒေါ်မိုးမိုးထွန်း	၂၁·၇၇
၃	ရွှေငွေရတနာကမ္ဘာ	ဒေါ်မြင့်မြင့်အေး	၅၆·၂၅
၄	အောင်နေလ	ဦးမြင့်သိန်း	၁၄·၁၈
	စုစုပေါင်း		**၁၁၄·၇၀**

ရှမ်းပြည်နယ်

စဉ်	ကုမ္ပဏီအမည်	မန်နေဂျင်းဒါရိုက်တာ	ပေးသွင်းရန်ကျန်ရွှေစင်(ကျပ်သား)
၁	ကျဆီး	ဦးကျဆီး	၃၀·၅၀
၂	ခုနစ်ခုသောရာစု	ဦးခွန်စည်သူသွင်	၂၃·၁၃
၃	ထက်ကောင်းကျော်	ဦးယဉ်ထွေး	၂၃·၁၃
၄	ပြည့်ထွန်းရှိန်	ဦးထွန်းရှိန်	၁၉·၀၀
၅	မြန်မာထာဝရတည်တံ့သော	ဦးခွန်စည်သူသွင်	၂၃·၁၃
၆	ရွှေကွဲ	ဦးဇော်ဝင်း	၈၆·၂၅
၇	အောင်စစ်သွေး	ဦးခွန်စည်သူသွင်	၂၃·၁၃
၈	အောင်နိုင်	ဦးဘောစောချိန်	၅၈·၇၅
၉	ASA Mining	ဦးစိုင်းအောင်စိန်	၇၆·၈၈
	စုစုပေါင်း		**၃၆၃·၈၈**

ဦးဆောင်ညွှန်ကြားရေးမှူး
အမှတ်(၂)သတ္တုတွင်းလုပ်ငန်း

ဘောဂသီရိ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများဖွင့်ပွဲကျင်းပ

ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့် တက်ရောက်အားပေး

စက်ခလုတ်နှိပ်ဖွင့်

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့် ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ အဆင့်မြင့်ယာဉ်ပြင် အလုပ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မေ ၂၄

သမ္မတရုံး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသိန်းညွန့်သည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပျဉ်းမနားမြို့ ဘောဂသီရိ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အားပေးသည်။

အဆိုပါ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးစိုးဝင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနမှူးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ဖိတ်ကြားထားသောဧည့်သည်များ တက်ရောက်ကြသည်။

ဘောဂသီရိ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံများ ဖွင့်ပွဲအခမ်းအနားကို နံနက် ၇ နာရီ မိနစ် ၂၀ တွင် သတ်မှတ်နေရာများ၌ တစ်ပြိုင်တည်း ကျင်းပရာ နေပြည်တော်ကောင်စီဝင် ဦးကံချွန်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးသန့်နှင့် အလုပ်ရုံပိုင်ရှင် ဦးအောင်ဇော်နိုင်တို့က ရွှေတောင်ဖွံ့ဖြိုးတိုးတက်မှုကုမ္ပဏီ အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးသိန်းညွန့်က အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးသည်။

တစ်ချိန်တည်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်လွင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမျိုးအောင်နှင့် အလုပ်ရုံပိုင်ရှင် ဦးတင်နိုင်ဦးတို့က AMA ကားအမျိုးမျိုး ပြုပြင်ထိန်းသိမ်းရေး အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံကိုလည်းကောင်း၊ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးစိုးရန်ပိုင်နှင့် အလုပ်ရုံပိုင်ရှင် ဒေါက်တာမောင်မောင်တို့က အောင်ပေါ် အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ဆွေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင် ဦးမင်းမင်းဇော်၊ အလုပ်ရုံပိုင်ရှင် ဒေါက်တာအောင်ဇော်မြင့်နှင့် ဦးသိန်းဇော်တို့က King Horse Power Co., Ltd. အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမြင့်ရွှေ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးဟန်နှင့် အလုပ်ရုံပိုင်ရှင် ဦးစိုးနိုင်တို့က Hummer Auto Mobile Service အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးစောလှ၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဦးနှင့် အလုပ်ရုံပိုင်ရှင် ဒေါ်လှလှဝင်းတို့က ရွှေနန်းတော် အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံကိုလည်းကောင်း၊ နေပြည်တော်ကောင်စီဝင် ဦးမျိုးညွန့်၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်၊ အလုပ်ရုံပိုင်ရှင် ဦးစိုင်းဖိုးချစ်နှင့် ဦးခင်မောင်ဝင်းတို့က UD Group အဆင့်မြင့်ယာဉ်ပြင်အလုပ်ရုံကိုလည်းကောင်း၊ *စာမျက်နှာ ၆ ကော်လံ ၁* ✻

နိုင်ငံတကာအဆင့်မီ နည်းပြ/ဒိုင်လူကြီးများဖြစ်ပေါ်လာရေး ကြိုးစားသင်ယူလေ့လာ

ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဂျူဒိုနည်းပြသင်တန်းဖွင့်ပွဲ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၄

နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် အောင်မြင်မှုရရှိရန် အခွင့်အလမ်းမှာ အားကစားသမားများ၏ ကြိုးစားလေ့ကျင့်ယှဉ်ပြိုင်မှု တစ်ခုတည်းပေါ်တွင် အလုံးစုံ မှီတည်လျက်မရှိဘဲ အဆိုပါအားကစားသမားများအား စီမံအုပ်ချုပ်ရသည့် အုပ်ချုပ်သူ၊ စနစ်တကျ

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်း ဂျူဒိုနည်းပြ/ဒိုင်သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

လေ့ကျင့်သင်ကြားပေးရသည့် နည်းပြတို့၏ စီမံအုပ်ချုပ်မှု၊ စံနမူနာပြနေထိုင်မှု၊ ခေတ်နှင့်အညီ တိုးတက်ပြောင်းလဲနေသော နည်းစနစ်များ၊ နည်းဥပဒေများကို နားလည်တတ်ကျွမ်းသင်ကြားနိုင်မှုတို့အပြင် နိုင်ငံတကာအဆင့်သို့ဝင်ဆံ့သည့် အရည်အချင်းမီ ပြည်တွင်းဒိုင်လူကြီးများပါ လိုအပ်လျက်ရှိကြောင်း၊ မြန်မာ့အားကစားသမိုင်းတွင် ၁၉၆၉ ခုနှစ် အစောပိုင်းကာလများ၏ အောင်မြင်မှုများနောက်ပိုင်း နိုင်ငံတကာအားကစားပြိုင်ပွဲများတွင် ဆုတံဆိပ်ရရှိမှု၊ နိုင်ငံတကာအဆင့်မီ ဒိုင်/နည်းပြများ မွေးထုတ်ပေးနိုင်မှု နည်းပါးလာသည်ကို တွေ့ရှိရကြောင်း၊ သို့ဖြစ်၍ အားကစားဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာ အားကစားအဖွဲ့ချုပ်များနှင့် ပူးပေါင်းကာ အားကစားနည်းပြ၊ ဒိုင်သင်တန်းများကို စီမံချက်များ ချမှတ်ဖွင့်လှစ်ပို့ချခဲ့ရာ စက်ဘီး၊ ပိုက်ကျော်ခြင်း၊ တန်ထရာဂျပ်နှင့် ယခု ဂျူဒို အပါအဝင် နေပြည်တော်၌ ဒိုင်နှင့် နည်းပြသင်တန်းလေးခု ဖွင့်လှစ်ပေးနိုင်ပြီဖြစ်ကြောင်း၊ ကျန်ရှိသည့် အားကစားနည်းများကိုလည်း ဆက်လက်ဖွင့်လှစ်ပို့ချပေးသွားမည်ဖြစ်ရာ ယခုသင်တန်းသားများအနေဖြင့် ဂျူဒိုအားကစားနည်း ပြန့်ပွားတိုးတက်ရေး၊ မြန်မာ့လက်ရွေးစင်အားကစားသမားများ မွေးထုတ်ပေးနိုင်ရေးနှင့် နိုင်ငံတကာအဆင့်မီ နည်းပြ/ဒိုင်လူကြီးများ ဖြစ်ပေါ်လာစေရေးတို့အတွက် ကြိုးစားသင်ယူလေ့လာသွားကြရန်လိုအပ်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းက ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် အားကစားလေ့ကျင့်ရေးစခန်းသင်တန်းခန်းမ၌ကျင်းပသည့် အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဂျူဒိုအဖွဲ့ချုပ်တို့ ပူးပေါင်းဖွင့်လှစ်သည့် ဂျူဒိုနည်းပြ/ဒိုင်သင်တန်းဖွင့်ပွဲအခမ်းအနား၌ အမှာစကားပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် သင်တန်းသားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် အကူအညီပေးအပ်မည့် အားကစားနည်းအလိုက် လိုအပ်သည့် နည်းပြများ စေလွှတ်ပေးရေး၊ အားကစားနည်းအလိုက် Joint Training များ စေလွှတ်လေ့ကျင့်နိုင်ရေးနှင့် ဖွင့်ပွဲ/ပိတ်ပွဲအခမ်းအနားတွင် လိုအပ်သည့် နည်းပညာများ အကူအညီပေးရေးကိစ္စရပ်များကို လာရောက်ကွင်းဆင်းလေ့လာအကဲဖြတ်ကြသည့် ကိုယ်စားလှယ်အဖွဲ့တို့အား အဆိုပါဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံကာ လိုအပ်သည်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးညှိနှိုင်းခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ထူးခြားသည့် နေ့အပူချိန်များ

၂၄-၅-၂၀၁၂

ချောက်မြို့	၄၅ ဒီဂရီစင်တီဂရိတ်
ကလေးဝမြို့	၄၃ ဒီဂရီစင်တီဂရိတ်
မုံရွာမြို့	၄၃ ဒီဂရီစင်တီဂရိတ်
မြင်းခြံမြို့	၄၃ ဒီဂရီစင်တီဂရိတ်
ညောင်ဦးမြို့	၄၃ ဒီဂရီစင်တီဂရိတ်